၇၅ အုပ်မြောက် စိန်ရတု အထိမ်းအမှတ်

# မင်းမြတ်သူရ



# ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်



တစ်နေ့သ၌ အညာဒေသရွာလေးတစ်ရွာ၏ ရှင်ပြုအလှူတော်မင်္ဂလာပွဲ၌ လူများနှင့် စည် စည်ကားကားရှိနေ၏ ။ ထို့ကြောင့် အလှူမှာ အတော်အသင့် စည်ကား၏ ။ အလှူသို့ လာသော ဧည့်ပရိတ်သတ်များ စိတ်ဝင်စားဆုံးမှာ ကျွဲခတ်ပွဲပင်ဖြစ်၏ ။

ကျွဲခတ်ပွဲကိုကြည့်ရန် စိတ်အားထက်သန်နေကြသဖြင့် အနီးအနားရွာမှ လူများသည် အလှူသို့ တကူးတကလာရောက်ကြလေ၏ ။

ထို့ကြောင့် ဦးဖိုးစီနှင့် ဒေါ်တုတ်တို့၏ အလှူမင်္ဂလာပွဲသည် ကျွဲခတ်ပွဲကြောင့်ပင် ပိုမိုစည်ကားသွားသည်ဟု ဆိုနိုင်၏ ။

ရှေးအခါက အလှူ၊ ရှင်ပြု၊ ဘုန်းကြီးပျံများ၌ ကျွဲခတ်ပွဲ မပါလျှင် ပွဲမစည်ချေ။

တောရွာနေ ပြည်သူတို့သည် တောင်သူလယ်သမားများဖြစ်သဖြင့် ကျွဲခတ်ပွဲများသည် ၎င်းတို့၏ ဘဝကို ထင်ဟပ်ပြနေသယောင်ရှိ၏ ။

ကျွဲခတ်ပွဲဟုဆိုသော်လည်း သက်ရှိထင်ရှား ကျွဲနှစ်ကောင် တိုက်ခိုက်ခြင်းမဟုတ်။

ဝါးနှီးတို့ဖြင့် ကျွဲပုံသဏ္ဍာန်ရက်လုပ်ထားသော သက်မဲ့ကျွဲများ ခတ်ကြခြင်းဖြစ်၏ ။

ဝါးနှီးခြင့်ရက်လုပ်ထားသော ကျွဲပေါ်သို့ ပိတ်အနက်အုပ်ပြီး သက်ရှိထင်ရှားကျွဲနှင့် သဏ္ဍာန်တူအောင် ပြုလုပ်ထား၏ ။ သက်မဲကျွဲ၏ လည်တံနှင့် ခေါင်းတို့လှုည့်ပတ်နိုင်အောင် အတွင်းမှ ဒလက်တင်ထား၏ ။

ထိုကျွဲထဲသို့ ဘောင်းဘီရှည်အနက်ရောင် ဝတ်ဆင်ထားသော လူနှစ်ယောက်သည် ရှေ့တစ်ယောက်၊ နောက်တစ်ယောက်ဝင်၍ ကျွဲအဖြစ် သရုပ်ဆောင်ရ၏ ။

ကျွဲထဲရှိလူနှစ်ယောက်သည် ခြေလှမ်းလှမ်းပုံ၊ ပြေးပုံ ခတ်ပုံများကို သဘာဝကျအောင် လေ့ကျင့်ထားရ၏ ။

ရှေ့ဆုံးက ရန်သူကျွဲကို ခတ်ဟန်ပြုသော်အခါ နောက်ပိုင်းလူက ကျွဲနောက်ပိုင်းကို မထားပေးရ၏ ။

ကျွဲ၏ ရှေ့ပိုင်းလူက လှမ်းမျှော်ကြည့်သည့်အခါ လည်တိုင်ကို ထောင်လိုက်လျှင် နောက်ပိုင်းလူက ကိုယ်ကိုခပ်နိမ့်နိမ့် လုပ်ပေးထားရ၏ ။

နှီးဝါးတို့ဖြင့်ပြုလုပ်ထားသော ကျွဲထဲသို့ ပါဝင်သရုပ်ဆောင်သူများသည် အမူအရာကောင်းလျှင် ကောင်းသလောက် သဘာဝ ကျွဲအစစ်နှင့်တူ၏ ။

ထိုအခါ ကျွဲခတ်ပွဲကို ကြည့်ရှုနေသူများသည် ကျွဲအတုများဖြစ်နေခြင်းကို မေ့လျော့ ပြီး တကယ့်ကျွဲအစစ်ပမာ အော်ဟစ်အားပေးကြ၏။

ကျွဲခတ်ပွဲတွင် အနိုင်ရသောကျွဲနှင့် ရှုံးနိမ့်သောကျွဲဟူ၍ ရှိပြီး မည်သည့်ပွဲက ရှုံးနိမ့်မည်ကို ကြိုတင်ကြံစည်ထား၏။ ယနေ့ဦးဖိုးစီနှင့် ဒေါ်တုတ်တို့၏ အလှူတွင် ကျွဲခတ်ပွဲက စားမည့် လူများမှာ မယ်ဇလီကုန်းမှ တိမ်ညိုနှင့်ဩဘာတို့စုံတွဲဖြစ်၏။

ထိုနယ်တစ်ကြောဋ္ဌ တိမ်ညိုနှင့်ဩဘာတို့သည် ကျွဲခတ်ပွဲ ကစားရာဋ္ဌ နာမည်ကျော် ကြားသူများဖြစ်၏။

တိမ်ညိုနှင့်တွဲ၍ ကစားမည့်သူများမှာ ဦးဖိုးစီတို့ ရွာသားများဖြစ်သော မောင်မြင့်နှင့် တင်ဝင်း ဖြစ်၏။

မောင်မြင့်တို့စုံတွဲသည် တိမ်ညိုနှင့်ဩဘာတို့ကဲ့သို့ ကျွဲခတ်ရာတွင် ပြိုင်စံရှားမ ဟုတ်ကြသော်လည်း ၎င်းတို့သည်လည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် နာမည်ကျော်ကြား သူများဖြစ်၏။

ထို့ကြောင့်ပင် ဦးဖိုးစီတို့အလှူ၏ ကျွဲခတ်ပွဲကို အနီးအနားရွာများမှ လူများပါလာ ရောက် ကြည့်ရှုကြ၏။

ရှင်လောင်းလှည့်ပြီးသောအခါ ကျွဲခတ်ပွဲကို ဘုန်းကြီးကျောင်းဝင်းအတွင်း ပြုလုပ် ၏။

ကျွဲခတ်ပွဲစတင်ချိန်နီးသောအခါ ရွာဦးကျောင်းဝင်းအတွင်းတစ်ခုလုံး လူများနှင့် ပြည့်နှက်နေလေ၏။

ခဏကြာလျှင် ကျွဲခတ်ပွဲတွင်ပါဝင်မည့် ကျွဲနှစ်ကောင်သည် ဝင်းအတွင်းသို့ ရောက် ရှိလာကြ၏။

ထိုအခါ ကြည့်ရှုနေသူပေါင်းသည် လက်ခုပ်လက်ဝါးတီး၍

လည်းကောင်း၊ လက်ခေါက်မှုတ်၍ လည်းကောင်း၊ တောသူ တောင်သားတို့၏ ထုံးစံအတိုင်း ကျယ်လောင်စွာ အော်ဟစ်အားပေးကြလေ၏ ။

ထို့နောက်တွင်လူအများ မျှော်လင့်တောင့်တသည့်အတိုင်း ကျွဲခတ်ပွဲကြီး စတင် လေတော့၏ ။

ကျွဲခတ်ပွဲစတင်ချိန်တွင် ရွာသူရွာသားများသည် အားတက်သရော အော်ဟစ်အား ပေးကြလေ၏ ။

ကျွဲနှစ်ကောင်မှာလည်း တကယ့်ကျွဲအစစ်များပမာ သဘာဝကျကျ ဖွေ့ကြခတ်ကြ ကုန်ကြ၏ ။

တစ်ဘက်ရွာသားများဖြစ်ကြသော တိမ်ညိုနှင့်သြဘာတို့သည် ကျွဲခတ်ကစား ကောင်းကြ သူများဖြစ်၏ ။

၎င်းတို့ ကျွဲချိုဖြင့်ဖွေ့ပုံ၊ နောက်သို့လှန်ချပုံများမှာ လွန်စာသဘာဝကျသဖြင့် ဦးဖိုးစီ တို့ ရွာသားများ လွန်စွာသဘောကျလေ၏ ။

ရွာဦးကျောင်း ဆရာတော်ကပင်

“ကြည့်လို့သိပ်ကောင်းတယ်ဟေ့၊ ဒီကောင်တွေကျွဲကိုကြည့်ရတာ တကယ့်ကျွဲအစစ်တွေ ခတ်တာ ကြည့်ရသလိုပဲ၊ ရင်တထိတ်ထိတ်နဲ့ ကြည့်ရတာ ၊ ဒီကောင်တွေ ရွာပြန်ရင် ငါ့ကျောင်းက မုန့်တွေ စွန့်ကြဲရမယ်”

ဟု ချီးမွမ်းလေ၏ ။

ထိုအချိန်တွင် ရှုံးနိမ့်သောကျွဲသည် လူအုပ်ထဲမှ တိုးဖွေ့၍ ထွက်ပြေးလေ၏ ။

အနိုင်ရသော တိမ်ညိုနှင့်သြဘာတို့၏ ကျွဲသည် ကွင်းအလယ်တွင် ဝံ့ဝံ့ကြွားကြွားဖြင့် လှည့်လှည်ကပြလေ၏ ။

အနိုင်ရသောကျွဲ၏ ကပြဟန်ကို ကြည့်ရှုရင်း ရွာသူရွာသားများသည်

ကွင်းအတွင်းသို့ ပြေးဝင်လာပြီး တိမ်ညိုတို့၏ ကွဲကို ဖက်ကြ၏။ ဝမ်းသာအားရ အော်ဟစ်ချီးကျူးကြ၏။

ထိုအချိန်မှပင် တိမ်ညိုနှင့်ဩဘာတို့လည်း ကွင်းအတွင်းမှ ထွက်ရ၏။ ရွာသူရွာသားများသည် ကွဲအစစ်နှင့်တူအောင် ကနိုင်သော ဩဘာကို ဖက်၍ ချီးကျူးစကားပြောကြ၏။

တိမ်ညိုတို့သည် အများ၏ ချီးကျူးခြင်းခံရသဖြင့် မောပန်းသည်ဟုဆိုကာ အလှူရှင် ကျွေးမွေးသော ထမင်းဟင်းများကို မြိန်ယှက်စွာ စားသောက်ကြ၏။

ထိုအချိန်အထိ ၎င်းတို့အနီးအနားတွင် ရွာသူရွာသားများ ဝိုင်းအုံနေဆဲဖြစ်၏။

ခဏကြာလျှင် တိမ်ညိုနှင့်ဩဘာသည် ရွာသူရွာသားများကြားတွင် နေရထိုင်ရခက် လှသဖြင့် ၎င်းတို့ကိုနှုတ်ဆက်ကာ ရွာပြင်သို့ထွက်ခဲ့၏။

၎င်းတို့သွားရာတစ်လမ်းလုံး ရွာထဲရှိလှပျိုဖြူ မိန်းကလေးများသည် သဘောကျဟန်ဖြင့် ကြည့်ရှုနေကြ၏။

တိမ်ညိုနှင့်ဩဘာသည် ရွာအပြင်ဘက်ရှိ ညောင်ပင်ကြီးအနီးသို့ ရောက်သောအခါ ညောင် ပင်ရိပ်၌ ခြေပစ်လက်ပစ် နားလိုက်ကြရင်း တိမ်ညိုက

"ရွာနားကမြက် ရွာနွားမစားဆိုတာ တကယ်မှန်တယ်ကွ၊ ရွာမှာဆိုရင် ငါတို့နှစ် ယောက်စလုံး ဇာတ်ရူးတွေဆိုပြီး ဘယ်သူမှ ဆေးဖော်ကြောဖက် မလုပ်ချင်ကြဘူး၊ အထင် အမြင်သေးကြတယ်၊ ဒီရွာမှာ ကြည့်စမ်း၊ ငါတို့နှစ်ယောက်ဟာ မင်းသားပဲ၊ တို့ကိုအား လုံးက တရိုတသေနဲ့ ဆက်ဆံကြတယ်၊ ရွာက မဝင်းတို့မငြေးတို့နဲ့ကွာပဲ့ါကွာ"

ဟု ပြောလေ၏။

ထိုအခါ ဩဘာက အားတက်သရောဖြင့်

"ငါတို့ရွာနဲ့ ဒီဘက်ရွာ ကွာကိုကွာတယ်၊ ကျွဲခတ်ကောင်းလို့ ငါတို့ကို ဆရာတော်ကြီးကတောင် ချီးမွမ်းစကားပြောတယ်တဲ့၊ ငါတို့ကို ရွာသူအပျိုလေးတွေကလည်း မျက်နှာသာပေးချင်ပုံပဲ၊ တောက် ... ဒီဘက်ရွာတောင် ပြောင်းပြီးနေလိုက်ချင်တယ်၊ ရွာကလူတွေ က ငါတို့တန်ဖိုးကို နားမလည်ကြဘူးကွ၊ ငါတို့ ဒီဘက်ရွာမှာ ပြောင်းနေမှ လူမှန်နေရာမှန် ရောက်မှာ "

ဟု ပြောလေ၏။

ထိုအခါ တိမ်ညိုကလည်း ခေါင်းညိတ်၍

"ဒါပေမဲ့ကွာ ငါတို့က ဒီမြေမှာနေ၊ ဒီရေကိုသောက်၊ ဒီအသီးကိုစားပြီး ကြီးပြင်းလာခဲ့တာ မဟုတ်လား၊ ရွာကို ဘယ်လိုလုပ်ပြီး ပစ်ပယ်ချင်ပါ့မလဲ၊ ကိုယ့်ရွာမှာပဲ အများကအထင်ကြီးတာကို ခံချင်တာပေါ့၊ ငါတို့ရွာက လူတွေက သဘင်ပညာနဲ့ တော်တော်ဝေးကြတယ်၊ အနုပညာအခြေခံ အတော်နည်းကြတာပေါ့ကွာ"

ဟု ပြောလေ၏။

ထိုအခါ ဩဘာကလည်း ဝင်ရောက်၍

"အနုပညာအခြေခံနည်းတာတော့ မပြောနဲ့တော့ စည်းနဲ့ဝါးတောင် မသိဘူး၊ ပန်တျာဆိုတာလည်း နားမလည်ဘူး၊ ငါတို့က နယ်နယ်ရရ လူတွေလား၊ ဆရာကြီး စိန်ငှက်ရိုးတပည့်တွေလေ၊ ဇာတ်ဆရာ စိန်ငှက်ရိုးဆိုတာ ဒီနယ်တကြောမှာ ဟိုးဟိုးကျော်တာ တို့ရွာသားတွေ မသိဘူး၊ ငါတို့ နှစ်ယောက်ဟာ ဇာတ်ဆရာ စိန်ငှက်ရိုးရဲ့ နှစ်ဦးတည်းသော တပည့်တွေ"

ဟု ပြောလေရာတိမ်ညိုကလည်း ခေါင်းညိတ်၍

"သိပ်ဟုတ်တာပေါ့ကွာ၊ ငါတို့နှစ်ယောက်ဟာ

ဆရာကြီးစိန်ငှက်ရိုးရဲ့ပညာကို အကုန်ရထားတဲ့သူတွေ၊ ငါတို့သာ သဘင်လောကထဲကို ဝင်မယ်ဆိုရင် စိန်တိမ်ညိုနဲ့စိန် ဩဘာဆိုပြီး တစ်နိုင်ငံလုံးမှာ ဟိုးဟိုးကျော်သွားမှာပဲ”

ဟု ပြောလေ၏။

ထိုအခါ ဩဘာကလည်း ဝင်ရောက်၍

“သိပ်ဟုတ်တာပေါ့ကွာ၊ မင်းက မင်းသားစိန်တိမ်ညို၊ ငါက လူရွှင်တော် စိန်ဩဘာ၊ ငါတို့နှစ်ယောက်ကို ဘယ်မင်းသားတွေ ဘယ်လူပြက်တွေ ယှဉ်နိုင်မှာလဲ၊ တို့ရွာသားတွေ က တို့အစွမ်းကို အသိအမှတ် မပြုကြဘူး၊ ဒီရွာမှာကြည့်စမ်း၊ ငါတို့နှစ်ယောက်ကို တစ်ရွာလုံးက ဝိုင်းပြီးဩဘာ ပေးကြတယ်၊ ဒီမြင်ကွင်းကို ငါတို့ရွာသားတွေ မြင်စေချင်စမ်းတယ်၊ ရွာမှာ ကျွဲခတ်ပြိုင်ပွဲလုပ်မယ်ဆိုတော့လည်း ငါတို့နှစ်ယောက်ကို အထင်သေးပြီး ဘယ်သူမှလက် မခံကြဘူး”

ဟု ပြောလေ၏။

ထိုအခါ တိမ်ညိုက

“ဘာပဲဖြစ်ဖြစ်၊ ဒီတစ်ချီတော့ ရွာမှာပတ်ခြောက်ဝိုင်းလုပ်ပြီး ငါတို့ရဲ့အစွမ်းကို ပြဖြစ်အောင် ပြလိုက်ဦးမယ်၊ ငါတို့နဲ့တွဲရမဲ့လူတွေကို အမြန်ဆုံးစုဖြစ်အောင်စုမယ်၊ ပတ်ခြောက်ဝိုင်းလုပ်ပြီးရင်တော့ ရွာသားတွေ ငါတို့အစွမ်းကို သိပါပြီကွာ”

ဟု အားတက်သရောပြောလေ၏။

၎င်းတို့နှစ်ဦးသည် ငယ်စဉ်ကပင် မိဘမဲ့အတူတွဲလာကြသော ဘုန်းကြီးကျောင်းသားများ ဖြစ်ကြ၏။

လွန်ခဲ့သောလေးနှစ်ခန့်က သူတို့ရွာဘုန်းကြီးပျံပွဲတစ်ပွဲသို့ ဇာတ်တစ်ဖွဲ့လာ ရောက်ပြသ၏။

သူတို့နှစ်ယောက်စလုံး ဇာတ်အဖွဲ့ကို ဝင်ရောက်ကြည့်ရှုပြီးချိန်မှစ၍ သဘင်ပညာကို လွန်စွာဝါသနာထုံသွား၏။

တိမ်ညိုက ဇာတ်မင်းသားဖြစ်ချင်သလို ဩဘာက လူရွှင်တော်ဖြစ်ချင်၏ ။

တိမ်ညိုသည် ဇာတ်အဖွဲ့ပြန်သွားသည့်အချိန်မှစ၍ လူရှင်းသည့်နေရာသို့ သွားကာ ဇာတ်မင်းသားကဲ့သို့ က၏။ ဇာတ်မင်းသား ဆိုသကဲ့သို့ဆို၏။

ဩဘာကလည်း လူရွှင်တော်ကြီးများ၏ အမူအရာဖြင့် ပျက်လုံးအမျိုးမျိုး ထုတ်ပြ၏။

မကြာမီအချိန်အတွင်း ၎င်းတို့နှစ်ဦး ဇာတ်ရူးရူးပုံကို တစ်ရွာလုံးသိရှိသွားပြီး လှောင်ပြောင်သရော်ကြ၏။

တစ်ရွာလုံးက ၎င်းတို့နှစ်ဦးကို "ပန်တျာရူးနှစ်ယောက်" ဟု ခေါ်ဆိုကြ၏ ။

တစ်ရွာလုံးက မည်သို့ပင်လှောင်ပြောင်စေကာမူ ပန်တျာရူးနှစ်ယောက်၏ ဝါသနာကို မဖျောက်ဖျက်နိုင်ကြပေ။

တစ်ဘက်ရွာနှင့် မနီးအဝေးနေရာတွင် စိန်ငှက်ရိုးဆိုသော ဇာတ်ဆရာ အဘိုးကြီးတစ်ယောက် နေထိုင်၏။

ထိုအဘိုးကြီး၏ သတင်းကို ပန်တျာရူးနှစ်ယောက် ကြားသိသောအခါ အဘိုးကြီးထံတွင် တပည့်ခံ၍ သင်ယူလိုစိတ်များ တားမရဆီးမနိုင် ဖြစ်လာ၏။

ထို့ကြောင့် ဆရာတော်ဘုရားထံတွင့် ခွင့်ပန်၍ စိန်ငှက်ရိုးဟူသော ဇာတ်ဆရာ အဘိုးကြီးထံ သဘင်ပညာကို သင်ယူလိုကြောင်း လျှောက်ထား၏။

ထိုအခါ ဆရာတော်သည် သတ္တဝါများကို ဖမ်းဆီးချုပ်နှောင်လိုစိတ် မရှိသဖြင့်

“မင်းတို့ သဘင်ပညာကို တကယ်ဝါသနာပါရင် ဇာတ်ဆရာအဘိုးကြီးဆီမှာ ကျွန်ခံပြီး ပညာကို တတ်အောင်သင်၊ လူတွေရဲ့ဘဝကို ငါမတားဆီးချင်ဘူး၊ လူမှာ လွတ်လပ်လို စိတ်ရှိတယ်၊ ဖိနှိပ်ချုပ်ချယ်တာကို မနှစ်သက်ဘူး၊ နောက်ပြီးတော့ ဝါသနာပါတဲ့အလုပ် ကိုလုပ်မှ လူဟာ ကြီးပွား တိုးတက်နိုင်တယ်၊ ဒါကြောင့် ဝါသနာပါရင် ဖြစ်အောင်လုပ်ကြ၊ ဘယ်တော့မှ နောက်မတွန့်နဲ့၊ မင်း တို့လုပ်တဲ့အလုပ် မှားပြီးသွားရင်တော့ ကိုယ့်အမှားကို ကိုယ်ခံရမှာပဲ”

ဟု ပြောလေ၏ ။

ထိုအချိန်မှစ၍ တိမ်ညိုတို့သည် ဇာတ်ဆရာ စိန်ငှက်ရိုးထံတွင် သဘင်ပညာများကို သင်ယူလေ့တော့၏ ။ ဇာတ်ဆရာ စိန်ငှက်ရိုးသည် အလွန်ဝ္ဂကျသော အဘိုးကြီးတစ်ယောက်ဖြစ်ပြီး တစ်ရွာလုံးနှင့် တစ်ယောက် မတည့်သူဖြစ်၏ ။

စိန်ငှက်ရိုးသည် အလွန်ဝ္ဂကျပြီး မှန်သည်ထင်လျှင် နောက်မဆုတ်ဘဲ လုပ်တတ်သူဖြစ်၏ ။

အဘိုးကြီးသည် တစ်ချိန်က ဇာတ်ဆရာ စိန်ငှက်ရိုးဟူသော နာမည်တစ်လုံး နှင့်နေသူဖြစ်သော်လည်း ဝ္ဂကျလွန်းသောကြောင့် ဇာတ်ခေါင်းကွဲကာ ဇာတိရပ်မြေသို့ ပြန်လာခဲ့ခြင်းဖြစ်၏ ။

ထိုမျှဝ္ဂကျလှသော အဘိုးကြီးသည် တိမ်ညိုနှင့်ဩဘာတို့အား အသိအမှတ်ပြု၍ သဘင်ပညာများ သင်ကြားပေးခြင်းကို တစ်ရွာလုံးက အံ့ဩကြ၏ ။

ထိုသို့ ဖြစ်ခြင်းမှာ တိမ်ညိုနှင့်ဩဘာတို့နှစ်ယောက် နှစ်ဦးသဘောတူနားလည်မှု ယူထားခြင်းကြောင့်ဖြစ်၏ ။

တိမ်ညိုတို့သည် ဇာတ်ဆရာ စိန်ငှက်ရိုးဆိုသော အဘိုးကြီး

အလွန်ဝကျကြောင်း သိရ၏။

ထို့ကြောင့် အဘိုးကြီးထံသို့ မရောက်မီ တိမ်ညိုက

“ဇာတ်ဆရာ စိန်ငှက်ရိုးဆိုတဲ့ အဘိုးကြီးက၊ တစ်ရွာလုံးနှင့်တစ်ယောက် မတည့်ဘူးဆိုပဲကွ၊ ငါတို့နှစ်ယောက်ကိုလည်း တပည့်အဖြစ် အသိအမှတ်ပြု အတော်ခက်လိမ့်မယ်၊ ဒါပေမဲ့ ဒီအဘိုးကြီးဟာ တစ်ရွာလုံးနဲ့တစ်ယောက် မတည့်ဘူးဆိုတော့ သူ့ အထီးကျန်နေတာ သေချာတယ်၊ ဒါကြောင့် သူဘာပြောပြော ခေါင်းညိတ်ပြီး သူ့အကြိုက် လိုက်လုပ်ပေးနိုင်လို့ရှိရင် ငါတို့ကိုလက်ခံမှာ သေချာတယ်၊ ဒါကြောင့် ငါတို့နှစ်ယောက် လူ့ဝစားကြီး စိန်ငှက်ရိုးအကြိုက်ကိုလိုက်ပြီး ပြောရမယ်၊ ငါတို့စိတ်ထဲမှာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ သူလုပ်သမျှကို ထောက်ခံရမယ်၊ ဒါဆိုရင်တော့ ငါတို့နှစ်ယောက်ကို စိန်ငှက်ရိုးကြီး သဘောကျမှာ သေချာတယ်”

ဟု ပြောလေ၏။

ထို့ကြောင့်ပင် တိမ်ညိုတို့သည် ဇာတ်ဆရာ စိန်ငှက်ရိုးထံသို့ ရောက်သောအခါ စိန်ငှက်ရိုး အကြိုက်လိုက်ပြော၏။

စိန်ငှက်ရိုးလုပ်သမျှ အမြဲတမ်း ထောက်ခံ၏။ ထို့ကြောင့်ပင် စိန်ငှက်ရိုးသည် တိမ် ညိုနှင့်ဩဘာအား သဘောကျပြီး သူ၏ တပည့်များအဖြစ် အသိအမှတ်ပြုခဲ့လေ၏။

လူ့ဝစားကြီး စိန်ငှက်ရိုးသည် အများနှင့် အမြဲတမ်းဆန့်ကျင်ဘက် ပြော၏။

အဘိုးကြီးသည် ရွာဦးကျောင်းဆရာတော်၏ တရားကို နာယူလေ့ မရှိချေ။

တရားနာယူခြင်းနှင့်ပတ်သက်၍ တိမ်ညိုက မေးမြန်းသောအခါ

“ ငါတို့ရွာက ဘုန်းကြီးဟာ ဇာတ်သမားတွေနဲ့ ဘာမှမခြားပါဘူးကွ၊ သူဟာ ကျမ်းတတ်ပေတတ် ပုဂ္ဂိုလ်လည်းမဟုတ်ဘူးကွ၊ တရားဟောတဲ့အခါတိုင်း သူ့ရဲ့အလွန်ကျယ်လောင်တဲ့အသံကြီးကို အသံကောင်းတယ်လို့ ယူဆပြီး အသံနေအသံထားနဲ့ ဇာတ်မင်းသားတစ်ယောက်လို ပြောလေ့ရှိတယ်၊ သူ့ရဲ့ တရားတော်တွေကလည်း ဘာမှမထူးဆန်းပါဘူးကွာ၊ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တော်တွေထဲက ငါငယ်စဉ်ကတည်းက ထုံးလိုကျေ ရေလိုနောက်ခဲ့တာကွ၊ ဒါကြောင့် ဘုန်းကြီး ကျောင်းကိုသွားပြီး အချိန်ကုန်မခံနိုင်ဘူးကွာ ”

ဟု ပြောဆိုလေ၏။

(



ရွာထဲရှိ လွန်စာအလှူအတန်းလုပ်သော ဒေါ်ခင်သက်ဆိုသော

အဘွားကြီးအားလည်း

“ ဒီအဘွားကြီးဟာ ငယ်စဉ်က မကောင်းမှုတွေ အများကြီးလုပ်ခဲ့တယ်တဲ့ကွ၊ ဒါ ကြောင့် သေခါနီး အချိန်မှာ နတ်ပြည်ရောက်မလားဆိုပြီး အလှူတွေ အများကြီးလျှောက် လုပ်နေတာ၊ အခုနေ ဘုန်းကြီးကျောင်းမှာ လူစုံပြီဆိုရင် သူအလှူခံတဲ့ ကျောင်းတွေ၊ ဇရပ် တွေအကြောင်းကို အာဘောင် အာရင်းသန်သန်နဲ့ ပြောလေ့ရှိတယ်၊ ဒါဟာ ကိုယ့်ရဲ့အလှူ ကို ကြွားဝါတဲ့သဘောပဲ၊ ကိုယ်လှူခဲ့တဲ့အလှူကို ကြွားဝါပြီ ဆိုကတည်းက တပ်မက်စိတ်ရှိနေပြီ၊ တပ်မက်စိတ်ရှိနေရွေ့ ဘယ်လိုလုပ် လွတ်မြောက်နိုင်တော့မှာလဲ၊ နိဗ္ဗာန်ဆိုတာ တပ်မက်ခြင်းကင်းရာနယ်မြေကွ၊ ဒီလောက် ဖက်တွယ်ထားတဲ့ မိန်းမကြီးဟာ ဘယ်လိုလုပ် နိဗ္ဗာန်ရောက်နိုင်မှာလဲ၊ သူဟာ အလှူဒါနတွေကို တပ်မက်သထက် တပ်မက်လာပြီးတော့ လောဘအိုးကြီးလာတဲ့ အဘွားကြီးပဲ ”

ဟု ဂွကျကျ စကားကို ပြောဆိုတတ်၏။

ထိုအခါ တိမ်ညိုက ဝင်ရောက်၍

“ ဒါဆို ဦးလေးက အလှူဒါနတွေ မလုပ်တော့ဘူးလား ”

ဟု မေးမြန်းလေ၏။ ထိုအခါ အဘိုးကြီး ခေါင်းညိတ်၍

“ အလှူဒါနလုပ်တာကို ငါပြောတာ မဟုတ်ဘူးကွ၊ လူဟာ ကိုယ့်မှာရှိတဲ့ အရာကို ခွဲဝေပေးတတ်ရတယ်၊ ငါတစ်ယောက်တည်း ကောင်းဖို့အတွက်ပဲဆိုပြီး လုပ်နေရင်တော့ ကိုယ့်အတ္တက ကြီးသထက်ကြီးလာမယ်၊ လူဟာ အသက်ရှင်နေသရွေ့ အများနဲ့ ပတ်သက်နေရမယ်၊ အများအတွက် အလုပ်လုပ်ပေးနေရမယ်၊ ခွဲဝေပေးကမ်းနေရမယ်၊ ဒါပေမဲ့ ဒါကို ဖက်တွယ်မထားရဘူး၊ ဒီလိုအလှူကြီးလုပ်နိုင်တယ်ဆိုပြီးတော့၊

ကိုယ့်ကိုယ်ကို ဂုဏ်တွေယူပြီးတော့ ငါဟာ နိဗ္ဗာန်အတွက်

ကြိုတင်လက်မှတ်ဝယ် ထားတယ်လို့ သွေးနထင်မရောက်ရဘူး၊ သူတစ်ပါးကို ပေးကမ်းတဲ့နေရာမှာ သနားကရုဏာထားစိတ်၊ ညှာတာထောက်ထားစိတ်နဲ့ ပေးကမ်းတာပဲ ဖြစ်သင့်တယ်ကွ၊ ပေးကမ်းမှုက ရတဲ့ အကျိုးအ မြတ်ကို မျှော်လင့်မနေရဘူး၊ အကျိုးလိုလို့ ညောင်ရေသွန်းတာ မဖြစ်သင့် ဘူးပေါ့ကွာ ”

ဟု ရှင်းလင်းပြတတ်၏ ။

မည်သို့ပင်ဖြစ်စေ တိမ်ညိုနှင့်သြဘာသည် ဂွကျသော ဇာတ်ဆရာကြီး စိန်ငှက်ရိုးကို အကြိုက်လိုက်ပြီး ပေါင်းခဲ့ကြ၏ ။

စိန်ငှက်ရိုးကလည်း လောကတွင် သူပြုသမျှကို လိုက်လိုက်လှဲလှဲ ထောက်ခံသူဟူ ၍ တိမ်ညိုနှင့်သြဘာ နှစ်ဦးတည်းသာ တွေ့ရသဖြင့် ၄င်းတို့ကို တပည့်ရင်းချာများကဲ့သို့ သဘောထား၏ ။

ထို့ကြောင့် တတ်သင့်တတ်အပ်သော သဘင်ပညာရပ်များကို ဆရာစားမချန် သင်ပြပေး၏ ။ အနုပညာနှင့်ပတ်သက်သော သူ၏ သဘောထားကို ပြောပြလေ့ရှိ၏ ။

“ မင်းတို့ ငါ့ဆီမှာ သဘင်ပညာ သင်ယူနေတာ၊ မင်းတို့ ဇာတ်မင်းသားအဖြစ် အောင်မြင်ဖို့၊ လူရွှင်တော်အဖြစ် နာမည်သတင်းကြီးဖို့ဆိုတဲ့ ရည်ရွယ်ချက်ကို ဖျောက်ထားရမယ်၊ မင်းတို့ဟာ သဘင်ပညာနဲ့ လူအများရဲ့ အကျိုးကိုပြုရမယ်၊ ဘဝဆိုတာ တိုက်ပွဲပဲ ကွ၊ လူတွေဟာ ဘဝဆိုတဲ့ တိုက်ပွဲကြီးကို ရင်ဆိုင်ဖြေရှင်းရင်း ဘဝအမောတွေနဲ့ အများကြီး ကြုံတွေ့နေရတယ်၊

လူတွေမှာ ကြုံတွေ့နေရတဲ့ ဘဝအမောတွေကို မင်းတို့တတ်ကျွမ်းတဲ့ သဘင်ပညာနဲ့ ပြီးမြောက်အောင် ကြိုးပမ်းပေးရမယ်၊ တစ်နေ့တာ ပင်ပန်းနွမ်းနယ်ပြီး အိမ်ပြန်လာ တဲ့လူတစ်ယောက်ဟာ မင်းတို့ရဲ့သဘင်ပညာကို ကြည့်ရှုခံစားပြီးတော့ ပင်ပန်းနွမ်းနယ်မှုတွေ ပြောပျောက် စေရမယ်၊ ကျေနပ်နှစ်သိမ့်စေရမယ်၊ ပျော်ရွှင်ကြည်နူးစေရမယ်၊

နောက်ပြီးတော့ ဇာတ်သမားလာ၍ မှတ်သားစရာပါရမယ်တဲ့ စကားလည်းရှိတယ်၊ လူတွေကို အသိဉာဏ်ပညာ၊ ဗဟုသုတ တိုးစေရမယ်၊ ဒါကြောင့် သဘင်ပညာသည်ပဲဖြစ်ဖြစ်၊ တခြားအနုပညာသည်ပဲဖြစ်ဖြစ် အနုပညာသမားတစ်ယောက်ရဲ့တာဝန်က အလွန်ပဲ ကြီးပါတယ်၊ အနုပညာသမားတစ်ယောက်ဖြစ်ပြီဆိုရင် ကိုယ့်ကိုယ်ကို မပိုင်ဆိုင်တော့ဘူး၊ ကိုယ့်ကို အများက ပိုင်သွားပြီ ငါဟာ ငါမဟုတ်တော့ဘူးလို့ သဘောထားရမယ်၊ ဒါမှ အောင်မြင်ပြီးတန်ဖိုးရှိတဲ့ အနုပညာသမားတစ်ယောက်ဖြစ်မယ်၊ အနုပညာသမားတစ်ယောက်ဟာ အောင်မြင်ရုံမပြီးဘူး၊ တန်ဖိုးလည်းရှိနေရမယ်၊ တန်ဖိုးမရှိတဲ့ အနုပညာသမားဟာ ပြီးပြည့်စုံတဲ့ အနုပညာသမားမဖြစ်နိုင်ဘူး ”

ဟု ရှင်းလင်းပြလေ၏။

♥ ♥ ♥



ဤသို့ဖြင့် တိမ်ညိုနှင့် ဩဘာတို့သည် ဇာတ်ဆရာကြီး စိန်ငှက်ရိုးထံတွင် တစ်နှစ်ကျော်နီးပါး သဘင်ပညာများကို သင်ယူကြလေ၏။

ထိုသို့ သင်ယူရင်း တစ်နေ့တွင် ဇာတ်ဆရာ စိန်ငှက်ရိုးသည် ရွာထိပ်ကုန်စုံဆိုင်သို့ ထန်းလျက်ဝယ်ရန်သွားလေ၏။ ကုန်စုံဆိုင်သို့ ရောက်သောအခါ လွန်စွာနှစ်သက်သော ဒူးရင်းသီးကို တွေ့ရ၏။

သို့သော် ဒူးရင်းသီးမှာ တစ်လုံးတည်းသာရှိ၏။ ထိုတစ်လုံးတည်း ကျန်သော ဒူးရင်းသီးကို ဒေါ်ခင်သက်ဆိုသော အဘွားကြီးနှင့် လုယက်ပြီး ဝယ်ယူကြ၏။

ဒေါ်ခင်သက်ကလည်း သူမသည် လယ်ပိုင်ရှင်ဖြစ်ရုံမက ဇရပ်အစ်မ၊ ကျောင်းအစ်မဟူသော ဂုဏ်ပုဒ်များကြောင့် ဇာတ်ဆရာ စိန်ငှက်ရိုးလက်သို့ ဒူးရင်းသီးမပါရေးအတွက် အစွမ်းကုန်ကြိုးပမ်း၏။

ဤသို့ဖြင့် ဓာတ်ဆရာအဘိုးကြီးနှင့် ကျောင်းအစ်မ အဘွားကြီးသည် ဒူးရင်းသီး တစ်လုံးကို သူအရင်တွေ့သည် ငါအရင်တွေ့သည်ဟု ငြင်းခုန်ကာ အပြိုင်အဆိုင်ဈေးတိုး ပေးရင်း ဒူးရင်းသီးကို မရ, ရအောင် ဝယ်ယူကြ၏။

ထိုသို့ဝယ်ယူရင်း စိတ်မထိန်းနိုင်ကြကာ ဓာတ်ဆရာ စိန်ငှက်ရိုးက

“ အသက်ကြီးမှ ရမ္မက်ကြီး၊ လူကိုကြည့်တော့ တရားရှိသလိုနဲ့ ဒူးရင်းသီးတစ်လုံးကိုတောင် တဏှာမဖြတ်နိုင်ပါလား ”

ဟု ပြစ်တင်ကဲ့ရဲ့လေ၏။

ထိုအခါ ကျောင်းအစ်မ အဖွားကြီးက

“ သေရင် ငရဲပြည်ရောက်မဲ့ လူဂွစာ ဒိဋ္ဌိကြီး၊ ရှင့်လို ဘာမဟုတ်တဲ့ ဓာတ်ဆရာ အစုတ်ပလုတ်ကို ကျွန်မလို ဇရပ်အစ်မ၊ ကျောင်းအစ်မက အရှုံးပေးရမှာလား၊ ဒူးရင်းသီးတစ်လုံးနဲ့ အသက်ကိုလဲနိုင်တယ် သိလား ”

ဟု ပြောလေ၏။

ထိုအခါ ကုန်စုံဆိုင်ပိုင်ရှင် ဒေါ်ဘုမက ဝင်ရောက်၍ နှစ်ဦးနှစ်ဖက်ပြေလည်ရာ ပြေလည်ကြောင်း ဖျန်ဖြေခဲ့၏။

သို့သော် ဓာတ်ဆရာနှင့် ကျောင်းအစ်မမှာ ဒူးရင်းသီးတစ်လုံးအတွက် ရမ္မက်တဏှာကို မဖြတ်နိုင်သဖြင့် မည်သို့မျှ ဖျန်ဖြေမရဘဲ ရှိနေ၏။

နောက်ဆုံးတွင် ကုန်စုံဆိုင်ပိုင်ရှင် ဒေါ်ဘုမသည် ရမ္မက်ကြီးသော အဘိုးကြီးနှင့် အဘွားကြီးကို ကြည့်၍ စိတ်မထိန်းနိုင်တော့ဘဲ

“တော်ပြီ တော်ပြီ၊ ဒူးရင်းသီးကို ဘယ်သူ့ကိုမှ မရောင်းတော့ဘူး၊ ဆရာတော်ရဲ့ ကျောင်းကိုပဲ သွားကပ်လိုက်တော့မယ် ”

ဟု ပြောလေ၏။

ထိုအခါ ကျောင်းအစ်မကြီး ဒေါ်ခင်သက်က မြေကြီးကို ဖနောင့်နှင့်ပေါက်၍

“ ခင်သက်တဲ့၊ တစ်သက်ပဲရှိတယ်၊ လယ်ပိုင်ရှင်ကျောင်းအစ်မရှင့်၊ မြို့ကိုတက်ပြီး ဒူးရင်းသီးကို ခြင်းတောင်းအပြည့်ဝယ်စားပစ်လိုက်မယ်၊ မစားနိုင်ဘူးလို့တော့ မထင်နဲ့ ”

ဟု ပြောလေ၏။

ထိုအခါ ဇာတ်ဆရာ စိန်ငှက်ရိုးကလည်း ခါးကို ထောက်၍

“ ဒီမှာ စိန်ငှက်ရိုးတဲ့၊ မြန်မာပြည်အရပ်ရပ်ကို လှည့်ပြီး ဇာတ်ဆရာလုပ်လာတာ၊ ဒူးရင်းသီးကို ခြင်းနဲ့မပြောနဲ့၊ နွားလှည်းနဲ့ တိုက်ပြီး တစ်ရွာလုံးကို တစ်အိမ်တစ်လုံး လှည့်ဝေပေးလိုက်မယ် ”

ဟု ပြန်လည်ချေပလေ၏။

ဇာတ်ဆရာ စိန်ငှက်ရိုးအိမ်သို့ပြန်ရောက်သောအခါ သူ၏ တပည့်ကျော်များဖြစ်သော တိမ်ညိုနှင့်သြဘာသည် ၎င်းတို့၏ အစဉ်သဖြင့် မြှောက်ပင့်ပေးရ မူဝါဒကို လက်ကိုင်ထား၍ ဇာတ်ဆရာ စိန်ငှက်ရိုး အကြိုက်တစ်မျိုးနှင့်တစ်မျိုး မရိုးအောင် မြှောက်ပင့်ပေးလေ၏။

တိမ်ညိုက လက်သီးဆုပ်၍

“ ရွာမှာပဲနေပြီး လယ်လေးဘာလေးပိုင်လို့ ဇရပ်အစ်မ၊ ကျောင်းအစ်မ ဖြစ်နေတဲ့ အဘွားကြီးကများ၊ မြန်မာနိုင်ငံတစ်ဝန်းမှာ ဇာတ်ဆရာကြီး ဦးဖိုးစိန်တို့လို ဟိုးဟိုးကျော်တဲ့ ဆရာကြီးစိန်ငှက်ရိုးကိုမှ ပခုံးချင်းယှဉ်ဝံ့သလား၊ သူ့ရဲ့ ပြိုင်ဖက်ဟာ ဘယ်လိုလူများ အောက်မေ့လို့လဲ၊ မြင်းမိုရ်တောင်ကို ဆီးစေ့နဲ့ပေါက်ချင်တဲ့ အဘွားကြီးပဲ ”

ဟု မြှောက်ပင့်ပေးလေ၏။

ထိုအခါ ဩဘာကလည်း

" ဘယ်နယ်ကိုသွားသွား ဇာတ်ဆရာကြီး စိန်ငှက်ရိုးဆိုရင် သူဌေးသူကြွယ်ရော၊ အရေးပိုင်ကတော်အရာရှိကြီးတွေကရော အရေးတယူမလုပ်ဘဲ နေဝံ့ကြလို့လား၊ စိန်ငှက်ရိုးဆိုတာ အနုပညာသမား ဂုဏ်ရှိတယ်၊ မာန်မာနရှိတယ်၊ အနုပညာသမားဆိုတာ ငွေမချမ်းသာပေမဲ့ မာနတော့ ချမ်းသာတယ်၊ ဘယ်လိုလူမျိုးကိုမှ အောက်မကျို့ဘူး၊ အနုပညာ သမားဟာ ပြည်သူကကျွေးတဲ့ထမင်းကို စားတာ၊ ဆရာကြီး စိန်ငှက်ရိုးဆိုရင် ဇာတ်မင်းသားကြီး ဦးဖိုးစိန်တို့၊ နာမည်ကြီး မင်းသမီး အောင်ဗလတို့၊ မြခြေချင်း မငွေမြိုင်တို့လို မင်းသမီးကြီးတွေတောင် တုံ့ပြန်ပြောဆိုဝံ့လို့လား၊ သမားစဉ်ဆိုတာရှိတယ်လေ၊ ဒါကို



ဘာမ ဟုတ်တဲ့ ခင်သက်ဆိုတဲ့ ရှာငယ်ဇနပုဒ်က လေကြွားအဘွားကြီးက မခန့်လေးစား ပြုဝံ့သလား၊ ဆရာကြီးကို မထေမဲ့မြင်ပြုရုံမကဘူး၊ ငါတို့ကိုပါ စောကားမော်ကား ပြုတဲ့သဘောပေါ့၊ ဒီကိစ္စကို ငါတို့ လုံးဝသည်းသည်းမခံနိုင်ဘူး ”

ဟု ဆရာစိန်ငှက်ရိုးအကြိုက် မြှောက်ပင့်ပြောလေ၏ ။

ထိုအခါ ဇာတ်ဆရာ စိန်ငှက်ရိုးသည် တိမ်ညိုနှင့်သြဘာတို့၏ မြှောက်ပင့်ပြောဆိုခြင်းကို ရိပ်စားမိခြင်းမရှိဘဲ ရန်းအစ်မကြီး ဒေါ်ခင်သက်ကို ပိုမို၍ မကျေမချမ်း ဖြစ်လာလေ၏ ။

ထို့ကြောင့် လက်သီးကိုဆုပ်၍

" ဟုတ်တယ်၊ မင်းတို့ပြောတာ မှန်တယ်၊ စိန်ငှက်ရိုးတဲ့ တစ်ရိုးတည်း ရှိတယ်၊ နှစ်ရိုးရှိရင် ရိုက်ချိုးပစ်လိုက်မယ်၊ နာမည်တစ်လုံးနဲ့ နေလာတဲ့ကောင်ကွ၊ ငါ့ရဲ့ဂုဏ်သတင်းကို ဘယ်သူမှ ထိပါးမစော်ကားဝံ့ဘူး၊ ငါ့ကိုများ ဇာတ်ခေါင်းကွဲလာတဲ့ အဘိုးကြီးတဲ့၊ ဇာတ်ခေါင်းကွဲတာ မဟုတ်ဘူး၊ ဇာတ်ခေါင်းကို ငါကိုယ်တိုင်ခွဲချင်လို့ ခွဲပြီးထွက်လာခဲ့တာ၊ မြေစိုက်တဲသာသာရှိတဲ့ ဇရပ်ကိုလှူတဲ့ အဘွားကြီးကများ၊ ငါ့ကိုလာပြီးတော့ ယှဉ်ပြိုင်သေးတယ်၊ ဒီနေ့ညနေပဲ ငါမြို့ကို တက်မယ်ကွာ၊ ပြီးတော့ မြို့မှာရှိတဲ့ ဒူးရင်းသီးတွေကို လှည်းတစ်စီးတိုက် အကုန်လုံးရအောင် ဝယ်မယ်၊ ပြီးရင် တစ်ရွာလုံးကိုလည်း ဒူးရင်းသီးတွေ ဝေပေးမယ်၊ ငါကိုယ်တိုင်လည်း တစ်ဝတစ်ပြဲကြီး စားမယ်၊ ဘာမဟုတ်တဲ့ လယ်ပိုင်ရှင် အဘွားကြီး၊ ညနေကျရင် တွေ့ကြသေးတာပေါ့ကွာ "

ဟု ပြောလေ၏ ။

ထိုအခါ ဇာတ်ဆရာကြီး စိန်ငှက်ရိုးသည် ၄င်းအိုစာမင်းစာအဖြစ် စုဆောင်းထားသော ပိုက်ဆံများအားလုံးကို သေတ္တာထဲမှ ထုတ်၍ မြို့ပေါ်သို့ တက်သွား၏ ။

မြို့ပေါ်သို့ရောက်သောအခါ ဒူးရင်းသီးများကို ဈေးကြီးပေး ဝယ်ယူရ၏ ။

တစ်မြို့လုံးလှည့်၍ ဝယ်ယူလေရာ ဒူးရင်းသီး အလုံးတစ်ရာကျော် ရလေ၏ ။

ဇာတ်ဆရာ စိန်ငှက်ရိုး၏ အိုစာမင်းစာအဖြစ် စုဆောင်းထားသော ပိုက်ဆံများလည်း တက်တက်ကုန်အောင် ပြောင်စင်နေတော့၏ ။

သို့သော် စိန်ငှက်ရိုးသည် ဂရုဏာထားခြင်းမရှိဘဲ ဒူးရင်းသီးများကို လှည်းပေါ်သို့ အပြည့်အမောက်တင်ကာ ရွာသို့ ဂုဏ်ယူဝံ့ကြွားစွာ ပြန်ခဲ့လေတော့၏ ။

ဇာတ်ဆရာ စိန်ငှက်ရိုး မြို့ပေါ်သို့တက်၍ ဒူးရင်းသီးများကို တစ်လုံးမကျန်အောင် ဝယ်ယူလာသည်ဆိုသော သတင်းကို ကျောင်းအစ်မ ဒေါ်ခင်သက်ကြားသောအခါ ဆွေ့ဆွေ့ခုန်အောင် ဒေါသဖြစ်ပြီး မခံချင်စိတ်ဖြင့် မေ့မြောသွားလေ၏။

ဇာတ်ဆရာ စိန်ငှက်ရိုးသည် သူ၏ ဇာတိပုည ဂုဏ်မာနနှင့်ကို ဝံ့ကြွားလိုသဖြင့် တစ်ရွာလုံးအနှံ့ အိမ်ပေါက်စေ့ လှည့်လည်၍ ဒူးရင်းသီးများကို ဝေငှလေ၏။

ထိုသို့ ဒူးရင်းသီးများကို ဝေငှပေးပြီးသောအခါ အကောင်းဆုံး ဒူးရင်းသီးကြီး အလုံးသုံးဆယ်ခန့် ကျန်ရှိလေ၏။

ထိုအခါ ဇာတ်ဆရာကြီးက ဒူးရင်းသီးများကို ဝံ့ကြွားစွာ လှည်းပေါ်မှချ၍ တပည့်ကျော်များဘက်သို့ လှည့်၍

" ဟောဒီမှာ အလုံးလှလှ ဒူးရင်းသီးကြီးတွေ အများကြီးကျန်သေးတယ်၊ ဟိုမိန်းမကြီးတော့ ငါ့ရဲ့သတင်းကိုကြားပြီး မခံချင်စိတ်ကြောင့် မေ့မျောသွားတယ်၊ ဆေးဆရာတောင် ခေါ်နေရတယ်၊ ဒီပွဲမှာ ငါလှလှကြီး အနိုင်ရခဲ့ပြီ၊ ဟောဒီ အောင်ပွဲအတွက် ဒူးရင်းသီးတွေကို တစ်ဝကြီးစားကြမယ်၊ မင်းတို့လည်း စားချင်သလောက်စား၊ ငါလည်း ဗိုက်ပြည့်သလောက်စားမယ်"

ဟု ဆိုကာ ဒူးရင်းသီးများကို တစ်လုံးပြီးတစ်လုံး စားလေ၏။

ဇာတ်ဆရာ စိန်ငှက်ရိုးသည် မခံချင်စိတ်ကြောင့် ဒူးရင်းသီးဆယ်လုံးကျော်ကျော်မျှ စားပြီးသောအခါ မျက်လုံးများမှေးစင်းလာပြီး

" မူးတယ် ... မူးတယ် "

ဟု အော်ဟစ်ကာ မြေပေါ်သို့ လဲကျသွားလေ၏။

တိမ်ညိုနှင့် ဩဘာသည် ၎င်းတို့၏ မူဝါဒအရ ဇာတ်ဆရာကြီးကို

မတားမြစ်ရဲဘဲ ကြည့်ရှုနေစဉ် စိန်ငှက်ရိုးလဲကျသွားသောအခါမှပင်

“ ဆရာကြီး ”

ဟု အော်ဟစ်ကာ ပြေးပွေ့လိုက်လေ၏။

စိန်ငှက်ရိုးသည် လဲကျသွားပြီးနောက် သတိပြန်မလည်လာတော့ချေ။

ထူးခြားချက်တစ်ခုမှာ ဇာတ်ဆရာ စိန်ငှက်ရိုးကဲ့သို့ မူးလဲမေ့မြောသွားသော ရဟန်း အစ်မကြီး ဒေါ်ခင်သက်မှာလည်း သတိပြန်လည်လာခြင်း မရှိချေ။

ထိုရွာကလေး၏ ရာဇဝင်၌ ရဟန်းအစ်မနှင့် ဇာတ်ဆရာ ဒူးရင်းသီး လုစားရာမှ အသက်ပျောက်သွားသော သတင်းသည် ပြောစမှတ်တွင်ခဲ့လေတော့၏။

တိမ်ညိုနှင့် ဩဘာ ဇာတ်ရူးနှစ်ယောက်မှာလည်း ၎င်းတို့၏ ဆရာကြီး စိန်ငှက်ရိုး မရှိတော့ချိန်မှစ၍ ဇာတ်ခေါင်းကွဲသွားသော ဇာတ်သမားများကဲ့သို့ အထုပ်ထမ်း၍ ပြန်ခဲ့ကြလေတော့၏။

ဇာတိရပ်မြေသို့ ရောက်သောအခါ ဆရာတော်ဘုရားကြီးက မေတ္တာရှေ့ထား၍ ကျောင်း၌ ပြန်လည်လက်ခံထားလေ၏။

ရွာသို့ ပြန်ရောက်သောအခါ ဆရာစိန်ငှက်ရိုးထံမှ သင်ယူလာသော မတောက်တခေါက် သဘင်ပညာဖြင့် သွေးနာထင် ရောက်နေလေတော့၏။

သဘင်ရူးနှစ်ယောက်သည် မိမိကိုယ်မိမိ နိုင်ငံတော်သဘင်ပညာရှင်များကဲ့သို့ အထင်မှတ်ကာ မကြာမီ အထင်ကရ ဇာတ်ကြီးများ၌ သွားလုပ်တော့မည်ဖြစ်ကြောင်း ပြောလေ၏။

သို့သော် ရွာနားမြက် ရွာနွားမစားဟူသော စကားအရ ရွာသူရွာသားများအများစုသည် ၎င်းတို့၏ ကြွားလုံးများကို အထင်မကြီးဘဲ ရှိနေလေ၏။

သဘင်ရှုးနှစ်ယောက်သည် သဘင်ပညာကို မတောက်တခေါက် တက်မြောက်ပြီးနောက် ဘုန်းကြီးကျောင်းတွင်နေသော်လည်း ကျောင်းရှိအလုပ်များကို မလုပ်ဘဲ အားလပ်သည့်အချိန်၌ ဆိုလိုက်ကလိုက်ဖြင့် အချိန်ကုန်နေလေ၏ ။

၎င်းတို့နှစ်ဦးကို ကပ္ပိယကြီးမှစ၍ ကျောင်းသားများ၊ ကိုရင်များအားလုံး မျက်မုန်းကျိုးကြလေ၏ ။

သို့သော် ဆရာတော်ကြီးကိုယ်တိုင် မည်သည့်စကားကိုမှ မဆိုသဖြင့် ၎င်းတို့အား အပြစ်ဆိုခြင်းမရှိသေးချေ။

တိမ်ညိုနှင့် သြဘာတို့သည် ရွာ၏ ကထိန်ပွဲ၊ ရှင်ပြုအလှူတော် မင်္ဂလာပွဲများ၌ ၎င်းတို့၏ အစွမ်းကို ပြချင်ကြ၏ ။

သို့သော် မည်သည့်ရွာသူရွာသားကမှ အထင်ကြီးလေးစားခြင်းမရှိချေ။

ထို့ကြောင့် ၎င်းတို့နှစ်ယောက်သည် အခြားသောရွာများရှိ အလှူမင်္ဂလာပွဲများတွင် ကွဲတိုက်ခြင်း၊ ပတ်ခြောက်ဝိုင်းတီးခြင်းတို့သာ ပြုလုပ်ကြ၏ ။

၎င်းတို့သည် ကွဲတိုက်ပွဲပြုလုပ်ရာတွင် အတွဲညီပြီး လွန်စွာနာမည်သတင်းကြီးလှ၏ ။

၎င်းတို့နှစ်ယောက် ဦးစီးသော ပတ်ခြောက်ဝိုင်းသည်လည်း အလွန်အသက်ဝင်ပြီး လူအများနှစ်သက်ကြ၏ ။ ပတ်ခြောက်ဝိုင်းကိုကြည့်၍ တဝါးဝါး တဟားဟားပွဲကျကျ၏ ။

၎င်းတို့နှစ်ဦး သဘင်ပညာကြောင့် မည်သို့ပင် သတင်းကြီးစေကာမူ ၎င်းတို့၏ ဇာတိရပ်ရွာက အထင်ကြီးခြင်းမရှိချေ။

တစ်ချို့သော ဇာတိရပ်ရွာသားများကမူ တခြားသောသူများတွင်

၄င်းတို့၏ ပတ်ခြောက်ဝိုင်းများကို မြင်တွေ့ဖူးသဖြင့် မိမိတို့ ရပ်ရွာတွင် ပြုလုပ်လိုကြ၏ ။

၄င်းတို့၏ ပတ်ခြောက်ဝိုင်းများကို ရွာအလှူပွဲများတွင် ပါဝင်လိုကြ၏ ။ သို့သော် ၄င်းတို့ကို အထင်မကြီးသော ရွာသူရွာသားများ၏ ဆန္ဒအရ ရွာအလှူပွဲများတွင် ပါဝင်ခွင့်မရှိသေးချေ။

ထိုဖြစ်ရပ်နှင့်ပတ်သက်၍ တိမ်ညိုနှင့်သြဘာသည် ၄င်းတို့၏ ဇာတိရပ်ရွာရွာသားများကို လွန်စွာမကျေမနပ်ဖြစ်နေကြ၏ ။

ထို့ကြောင့်ပင် အခွင့်အရေးကြုံသည့်အခါတိုင်း မိမိတို့ ရွာသူရွာသားများကို မကျေမချမ်းပြောဆို နေမိ၏ ။

တိမ်ညိုက မိမိတို့ရွာဘက်သို့ မကျေမချမ်းကြည့်၍

“ ငါတို့ဟာ သဘင်ပညာရှင် အကျော်အမော်တွေဆိုတာ ငါတို့ရွာသားတွေ မကြာမီ သိစေရမယ်၊ တစ်နေ့ကျရင် ငါတို့အစွမ်းကို တစ်ရွာလုံး အံ့သြတကြီးနဲ့ ကြည့်စေရမယ် ”

ဟု ပြောလေ၏ ။ ထိုအခါ သြဘာကလည်း ခေါင်းညိတ်၍

“ ဟုတ်တာပေါ့ကွာ၊ စိန်တိမ်ညိုနဲ့ စိန်သြဘာရဲ့အစွမ်းကို တို့ရွာသားတွေ အံ့သြတကြီး ကြည့်စေရမယ်၊ အဲဒီ နေ့ဟာ ငါတိုနှစ်ယောက်ရဲ့ မိုးကောင်းတဲ့နေ့ပေါ့ကွာ ”

ဟု အားပါးတာရ ပြောလေတော့၏ ။

သူကြီးတက်ခါး၏ အလှူပွဲကို တပေါင်းလအတွင်း ပြုလုပ်မည်ဆိုသောသတင်း သည် တစ်ရွာလုံး တောမီးပမာ ပျံ့နှံ့သွား၏ ။

သူကြီးသီးတက်ခါးသည် သူတို့ရွာ၏ ကြေးရတက်ဖြစ်လေရာ အလှူပွဲကြီး စည်ကားမည်မှာသေချာ၏ ။

သူကြီး၏ အလှူပွဲ နီးလာသည်နှင့်အမျှ တစ်ရွာလုံးရှိ လူများသည် လှုပ်လှုပ်ရွရွဖြစ် လာ၏ ။

သူတို့ တစ်ရွာလုံး သူကြီး၏ အလှူပွဲတွင် ဝိုင်းဝန်း၍ ကူညီလုပ်ကိုင်ပေးရန် စိတ်အားထက်သန်နေကြ၏ ။

အလှူပွဲနီးလာသည်နှင့်အမျှ သူကြီး၏ အိမ်တွင် အကြိမ်ကြိမ်စုဝေးတိုင်ပင်ကြ၏ ။ တိမ်ညိုနှင့် ဩဘာသည် ထိုစည်းဝေးတိုင်ပင်ကြသည့်သတင်းကို တိတ်တခိုးနားစွင့်ရင်း လွန်စွာစိတ်လှုပ်ရှား နေကြ၏ ။

သူတို့ ရွာသူကြီး၏ အလှူပွဲတွင် ၎င်းတို့၏ သဘင်ပညာအစွမ်းကို ပြသခွင့်မရလျှင် သူတို့မျက်နှာ ဘယ်မှာသွားထားရမည်နည်း။

ရွာအလှူပွဲ၌ သဘင်ပညာအစွမ်း မပြရလျှင် သူတို့၏ ဂုဏ်သိက္ခာ အကြီးအကျယ် ယိုယွင်းရပေတော့မည်။

အလှူပွဲနီးလာသည်နှင့်အမျှ သူတို့ မကြားချင်သော သတင်းစကားတစ်ခုကို ကြားသိရလေ၏ ။

ထိုသတင်းမှာ သူကြီး၏ အလှူပွဲ၌ အနီးဆုံးမြို့မှ ဇလာဆိုင်းကို ငှားမည်ဖြစ်ကြောင်းသိရ၏ ။

တိမ်ညိုနှင့်ဩဘာသည် ထိုသတင်းကို ကြားသိသည့်အချိန်မှစ၍ အကြီးအကျယ် ပေါက်ကွဲမှုများ စတင်လေတော့၏ ။

တိမ်ညိုက

“ သူကြီးက ငါတို့ရဲ့မျက်နှာကို အိုးမည်းသုတ်တာပဲကွ၊ ရွာမှာ ငါတို့လို သဘင်ပညာရှင်တွေ ရှိရဲ့သားနဲ့ မြို့ပေါ်က ဘာမဟုတ်တဲ့ ဇလာဆိုင်းကို ငှားမယ်ဆိုတော့ သူကြီးရဲ့လုပ်ရပ် ဟာ ငါတို့ကို အထင်မကြီးရာ ကျမနေဘူးလား ”

ဟု ပြောလေ၏။ ထိုအခါ သြဘာက ဝင်ရောက်၍

" ဟုတ်တာပေါ့ကွာ၊ ငါတို့လို သဘင်ပညာ အကျော်အမော်တွေ ရှိရဲ့သားနဲ့ မြို့ပေါ်က ဗလာဆိုင်းကို ငှားမယ်တဲ့၊ ရှက်လွန်းလို့ ငါတို့ မျက်နှာကို ဓားနဲ့လှီးပစ်ဖို့ကောင်းတယ် "

ဟု ညည်းညူလေ၏။ တိမ်ညိုက လက်သီးဆုပ်၍

" အလှူရှင် သူကြီးက ငါတို့ရဲ့ သဘင်ပညာအစွမ်းကို အသိအမှတ်မပြုဘူးပဲထားပါတော့၊ ဒီပြင်ရွာသားတွေက ဘာလုပ်နေကြလဲ၊ သူကြီးတို့ ဗလာဆိုင်းငှားမယ်ဆိုတာ ဝိုင်းပြီးမဖျက်ကြဘူးလား၊ ရွာမှာ စိန်တိမ်ညိုနဲ့ စိန်သြဘာရှိတယ်ဆိုတာ သူတို့ မေ့နေကြပြီလား၊ သူကြီးတစ်ယောက်အနေနဲ့ ငါတို့လို ရွာသားတွေရဲ့အနုပညာကို ဖော်ထုတ်ပေးဖို့ ကောင်းပါတယ်ကွာ "

ဟု မကျေမချမ်း ရေရွတ်လေ၏။

ထိုအခါ သြဘာက လက်သီးဆုပ်၍

" ဒီကိစ္စနဲ့ပတ်သက်ပြီး သူကြီးကို ငါတော့ လုံးဝမကျေနပ်ဘူးကွာ၊ ငါတော့ သူကြီးကို ကိုယ်တိုင်သွားတွေ့ပြီး ဆွေးနွေးလိုက်ချင်တယ် "

ဟု ပြောလေ၏။

ထိုအခါ တိမ်ညိုက လက်သီးဆုပ်၍

" ဟုတ်တယ်၊ ငါလည်း သူကြီးနဲ့တွေ့ပြီး ဆွေးနွေးချင်တယ်၊ ရွာနားကမြက် ရွာနွားမစားဘူးဆိုတာ တော်တော်မှန်တာပဲ၊ သူကြီးဟာ ငါတို့အနုပညာကို အထင်လုံးဝမကြီးဘူး၊ ငါတို့မှာ အရည်အချင်းရှိကြောင်း၊ သဘင်ပညာကို နားလည်တက်ကျွမ်းကြောင်း သူကြီးသိအောင်ပြောပြမှ ဖြစ်မယ် "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ပန်တျာရူးနှစ်ယောက်သည် သူကြီးမင်း၏

အိမ်ဂေဟာသို့ မကျေမချမ်း ရောက်ရှိသွား၏။ သူကြီးထံသို့ ရောက်သောအခါ သူတို့၏ မကျေနပ်ချက်များကို ရင် ဖွင့်ကြ၏။

သူတို့၏ သဘင်ပညာကို သူကြီးအထင်မသေးသင့်ကြောင်း၊ မိမိတို့လည်း ဆရာ ကြီး စိန်ငှက်ရိုး၏ တပည့်ရင်းချာများဖြစ်ကြောင်း မိမိတို့၏ အရည်အချင်းကို မကြာမီ တစ်နိုင်ငံလုံး အသိအမှတ်ပြု၍ စိန်တိမ်ညိုနှင့် စိန်သြဘာဟူ၍ ဟိုးဟိုးကျော်တော့မည်ဖြစ်ကြောင်း ပြောဆိုလေ၏။

ထိုအခါ သူကြီးက ၄င်းတို့၏ စကားကို နားဝင်ဟန်မရှိဘဲ

" ဟေ့ကောင်တွေ ... ဒီအလှူဟာ ငါ့အလှူကွ၊ ငါ့အလှူမှာ ငါငှားချင်တဲ့ဇာတ် ငါငှားမယ်၊ မင်းတို့ဘာဖြစ်လို့ နွားရှေ့ထွန်ကြူး လုပ်နေရတာ လဲ၊ ဒီမှာ ... မင်းတို့သဘင်ပညာ ဘယ်လောက်ပဲ ကောင်းကောင်း မင်းတို့ဟာ မွေးကတည်းက ဒီရွာမှာမွေးတာ၊ မင်းတို့မျက်နှာကို တစ်ရွာလုံးက လူတွေ မြင်တွေ့ပါများလွန်းလို့ ရိုးနေပြီ၊ မင်းတို့မျက်နှာကို ထိုင်ကြည့်မဲ့အစား ဟိုးမှာ မြက်စားနေတဲ့ နွားကြီးမျက်နှာကိုပဲ ထိုင်ကြည့်ချင်ကြည့်လိမ့်မယ်၊ တစ်ရွာလုံးရဲ့ဆန္ဒအရလည်း မြို့က ဗလာဆိုင်းကိုပဲ ကြည့်ချင်ကြတယ်၊ မင်းတို့နှစ်ယောက်ဟာ တစ်ရွာလုံး နားမခံသာအောင် ဆူကြ၊ အော်ကြ၊ ငိုကြနဲ့ ကိုယ့်ကိုယ်ကိုယ် သဘင်ရူးတွေ ဖြစ်မှန်းမသိ ဖြစ်နေကြတယ် "

ဟု ပြောလေရာ တိမ်ညိုသည် သူကြီး၏ မျက်နှာကို မကျေမချမ်းကြည့်၍

" ဒီမှာ သူကြီး ... စကားကို ကြည့်ပြောပါ၊ ကျုပ်တို့က ဘာမဟုတ်တာလုပ်နေလို့လဲ၊ ကျုပ်တို့က အနုပညာသမားတွေ၊ သဘင်ပညာရှင်တွေ၊ အနုပညာသမားဆိုတာ အရှက်အကြောက်ကင်းရတယ်၊ ဆိုစရာရှိရင်ဆို၊ ငိုစရာရှိရင်ငိုရတယ်၊ ပြည်သူကို ဖျော်ဖြေဖို့ လေ့ကျင့်နေတာ ဘာမှရှက်စရာမလိုဘူး၊ ကျုပ်တို့ ဆရာကြီး စိန်ငှက်ရိုးက ပြောထားပြီးသား၊ အနုပညာသမားဖြစ်ရင် ရှက်ကြောကို ဖြတ်ထားရတယ် "

ဟု မကျေမချမ်း ပြောဆိုလေ၏။

ထိုအခါ သူကြီးက

“ ဟော့ကောင်တွေ ... ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းတို့နှစ်ယောက်ကို ငါ့အလှူမှာ အလိုမရှိဘူး၊ သူတစ်ပါး အလှူပြုခါနီး မှာ ဖျက်လိုဖျက်ဆီး လိုက်ပြောမနေနဲ့၊ အကောင်းဆုံးကတော့ မင်းတို့နှစ်ယောက် ငါ့အလှူမှာ လုပ်စရာရှိရင် ဝိုင်းကူလုပ်၊ စားစရာရှိရင် စား၊ ဒါပဲ ... အနုပညာတွေ ပန်တျာတွေ ငါ့လာမပြောနဲ့ ”

ဟု မောင်းထုတ်လိုက်လေ၏။

ထိုအခါ ဩဘာက သူကြီးကို မကျေမချမ်းကြည့်၍

“ ဒီမှာ သူကြီး ... ကျုပ်တို့ရဲ့ပညာကို အသိအမှတ်မပြုတဲ့အတွက် သူကြီးရဲ့အလှူ ကျုပ်တို့လုံးဝမပါဘူး၊ ဝိုင်းကူပြီးလည်း လုပ်မပေးနိုင်ဘူး၊ ဒါကိုမှ မကျေနပ်လို့ သူကြီး ထိတ်တုံးခတ်ရင်လည်း ခတ်လိုက်၊ ပျော်ပျော်ကြီး ခတ်ခံလိုက်မယ် ”

ဟု ပြောလေရာ သူကြီးသည် ၄င်းတို့အား ဒေါသတကြီး အော်ဟစ်ဆဲဆို၍ အိမ်မှ မောင်းနှင်ထုတ်လိုက်လေတော့၏။

ထို့ကြောင့် တိမ်ညိုနှင့်ဩဘာသည် သူကြီး၏ အလှူတွင် သဘင်ပညာ၏ အစွမ်းကို ပြသမည်ဆိုသော အခွင့်အရေးမှာ ပျောက်ကွယ်သွားလေတော့၏။

♥ ♥ ♥



တပေါင်းလထဲသို့ ရောက်ရှိနေပြီဖြစ်သဖြင့် သူကြီး၏ အလှူပွဲသည် တဖြည်းဖြည်း နီးကပ်လာ၏ ။

အလှူပွဲနီးကပ်လာသည်နှင့်အမျှ တိမ်ညိုနှင့်ဩဘာတို့၏ မခံချင်စိတ်များ တဖြည်းဖြည်း ကြီးမားလာ၏ ။

မကြာမီရက်အတွင်း မြို့မှငှားရမ်းထားသော ဗလာဆိုင်း

ရွာသို့ရောက်ပေတော့မည်။ ထိုဗလာဆိုင်းကို မိမိတို့ရွာသားများ အထင်တကြီး တိုးဝှေ့ကြည့်ရှုနေမည်ကို မြင်ယောင်နေသေးတော့၏ ။

တိမ်ညိုနှင့်ဩဘာသည် ထိုအကြောင်းများကို တွေးတောရင်း ရွာ၌ နေထိုင်ချင်စိတ်များ တဖြည်းဖြည်း နည်းပါးလာ၏ ။

၄င်းတို့သည် မွေးရပ်မြေကို ချစ်မြတ်နိုးလွန်းသူများဖြစ်ပြီး ဤမြေဤရေနှင့် ဝေးရာသို့ တစ်လက်မမျှ သွားလိုသူများ မဟုတ်ကြပေ။

မည်သို့ဖြစ်စေ ၄င်းတို့၏ သဘင်ပညာကို အထင်အမြင်သေးသော မွေးရပ်မြေမှ ရွာသူရွာသားများကို စိတ်နာချင်သလိုရှိ၏ ။

ထို့ကြောင့် သူကြီး၏ အလှူမှ ဝေးရာသို့ ရှောင်ရှားပြီးနေ၏ ။ ထိုရက်ပိုင်းအတွင်း ၄င်းတို့သည် ရွာထဲ၌ မနေဘဲ ရွာပြင်သို့သာ ထွက်၍ နေ၏ ။

အလှူပြုရန် သုံးရက်ခန့်အလိုတွင် မြို့မှငှားရမ်းထားသော ဓါတ်စက်တစ်လုံး ရွာသို့ရောက် လာပြီး သူကြီး၏ အိမ်၌ ဓာတ်ပြား တစ်ချပ်ပြီးတစ်ချပ် ဖွင့်လေ၏ ။



ရွာသူရွာသားများသည် ဓါတ်စက်သီးချင်းကို အံ့သြတကြီးဖြင့် သွားရောက်နားထောင်ကြလေ၏။ တိမ်ညိုနှင့်သြဘာသည် ထိုမြင်ကွင်းများကို မမြင်ချင်၊ မကြားချင်တော့သဖြင့် ရွာပြင်သို့ သွားရောက်နေထိုင်ရန် ဆုံးဖြတ်လိုက်၏ ။

ဆရာတော်ဘုရားကြီးသည် တိမ်ညိုနှင့်သြဘာအား သနားကရုဏာသက်လှသဖြင့် တားဆီးခြင်းမရှိဘဲ နှုတ်ဆိတ်၍ သာနေလေ၏။

တိမ်ညိုနှင့်သြဘာသည် ရွာစွန်ရှိယာခင်းတစ်ခုတွင်

သွားရောက်နေထိုင်လေ၏။ ထိုယာခင်း၌ နေထိုင်သူမှာ ခိုးဆိုးလုယက်ခဲ့သော ဒုစရိုက်မှုများကို ကျူးလွန်သဖြင့် ရွာထဲ၌ နေထိုင်ခွင့်မရ သော ဆင်ကြီးဆိုသူဖြစ်၏။

ဆင်ကြီးသည် ၄င်း၏ ယာခင်းတွင် တိမ်ညိုနှင့်သြဘာ လာရောက်နေထိုင်ခြင်းကို အလွန်နှစ သက်၏။ အဘယ်ကြောင့်ဆိုသော် ဆင်ကြီးသည် ရွာပြင်၌ တစ်ကိုယ်တည်းအထီးကျန်နေရခြင်းကို ငြီးငွေ့နေပြီဖြစ်၏။

သူကြီး၏ အလှူပွဲနီးကပ်လာသည်နှင့်အမျှ တိမ်ညိုနှင့်သြဘာ၏ ရင်ထဲတွင် မခံချင်စိတ် များ ပိုမိုကြီးမားလာ၏။ ရွာထဲမှ ပျံ့နှံ့လာသော ဆိုင်းသံ၊ ဗုံသံများကို သူတို့မကြားဝံ့ချေ။

ရွာသူရွာသားများအားလုံး သူကြီး၏ အလှူတွင် အားတက်သရော ဝိုင်းဝန်းလုပ်ကိုင်ပေးကြ၏။

တိမ်ညိုက ရွာဆီသို့ လှမ်းမျှော်ကြည့်၍

“ ကြည့်စမ်း … တစ်ရွာလုံးမှာ မီးခိုးငွေ့မတွေ့ရဘူး၊ ရွာကလူတွေ သူကြီးအိမ်မှာ မီးခိုးတိတ် သွားစားနေပုံရတယ်၊ တောက် … တစ်ရွာလုံး တစ်ယောက်မှမကောင်းဘူး၊ အမေကျော် ဒွေးတော် လွမ်းချင်ကြတယ် ”

ဟု ပြောလေ၏။ ထိုအခါ သြဘာက ခေါင်းခါယမ်း၍

“ တော်ပါတော့ကွာ …၊ ဒီအကြောင်းတွေ ငါမကြားချင်ဘူး၊ သူကြီးဌားတဲ့ ဗလာဆိုင်းက ဒီနေ့ညဆို ရောက်ပြီကွ၊ ဘာကြောင့်လဲဆိုတော့ မနက်ဖြန်ဆို သူကြီးရဲ့အလှူကစပြီ၊ ရွာကလူတွေ ဘာမဟုတ်တဲ့ ဆိုင်းဝိုင်းကို နတ်ကရာကြည့်မောလုပ်ကြဦးမယ်၊ ငါတော့ ဒီဆိုင်းသံတွေကို မကြား ချင်ဘူးကွာ၊ ဆိုင်းသံတွေကြားရရင် ငါရင်တွေနာလာတယ် ”

ဟု ပြောလေ၏။

ထိုအခါ လူဆိုးလူမိုက်ကြီးက အနားသို့ရောက်ရှိလာပြီး

” ဟား ဟား ဟား … တစ်ရွာလုံးနဲ့တစ်ယောက်၊ သဘောချင်းမတိုက်ဆိုင်တဲ့အဖြစ်ကို မင်း တို့နားလည်လို့ရပြီမဟုတ်လား၊ ငါ့ကို ရွာသားတွေက လူဆိုးလူမိုက်ဆိုပြီးတော့ ရွာပြင်မှာပစ်ထား ကြတယ်၊

ငါက ဆိုးခဲ့မိုက်ခဲ့တယ်ဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ အခု ငါလိမ္မာနေပြီလေ၊ ဒါပေမဲ့ ငါလိမ္မာ တာကို သူကြီးကစပြီး အသိအမှတ်မပြုကြဘူး၊ သူတို့ဟာ လူတစ်ယောက်ဟာ ဆိုးနေပြီဆိုရင် တစ် သက်လုံးဆိုးမိုက်နေပြီလို့ပဲ ယူဆကြတယ်၊ လူမှာ ပြောင်းလဲမှုဆိုတာ မရှိတော့ဘူးလား၊ လူဟာ အခြေအနေနဲ့ အချိန်အခါကြောင့် ဆိုးမိုက်ချင် ဆိုးမိုက်မယ်၊ လိမ္မာတဲ့အခါ လိမ္မာမယ်၊ သူတို့ဟာ မင်း တို့ကို အထင်းသေးရုံတင်မကဘူး၊

မင်းတို့ရင်ထဲက ထွက်လာတဲ့ အနုပညာကိုလည်း အထင်သေးတယ်၊ တစ်ရွာလုံးရဲ့ခိုင်းဖတ် နင်းပြားနှစ်ကောင်ဆီက ဘာအနုပညာ အရည်အသွေးထွက်မှာလဲလို့ တွက်တယ်၊ မြို့ကလာတဲ့ လူတွေရဲ့ အနုပညာကိုမှ သူတို့ အထင်ကြီးတယ်၊ လောကမှာ ဒီလိုပါပဲကွာ၊ ငါကတော့ ထုသားပေသား ကျနေပြီ၊

ရွာပြင်မှာပဲနေပြီး စိုက်ခင်းပျိုးခင်းလေးတွေလုပ်တယ်၊ နောက်ပြီးတော့ မြို့ပေါ်တက်ပြီး ရောင်းတယ်၊ အဲဒါ စိတ်အချမ်းသာဆုံးပဲကွ၊ မင်းတို့ကတော့ ဒီအချိန်မှာ ခံနိုင်ရည်ရှိမှာမဟုတ်ဘူး ”

ဟု ပြောရင်း အဝေးဆီသို့ လှမ်းမျှော်ကြည့်ကာ

“ ဟင် … ဟိုမှာ ရွာသားတစ်ယောက်လာနေတယ်၊ ဒီကောင်တွေ ငါ့ရဲ့စိုက်ခင်းကို မလာစဖူး အလာထူးပုံထောက်တော့ မင်းတို့နှစ်ယောက်ကို ရွာထဲမှာ ခေါ်ခိုင်းမလို့ထင်တယ် ”

ဟု ပြောလေ၏ ။

ထိုအခါ တိမ်ညိုက ထိုရွာသားကို လှမ်းမျှော်ကြည့်၍ တက်ခေါက်ကာ

“ တောက် … ခိုင်းစရာရှိမှ ကျုပ်တို့ကို လာခေါ်တယ်၊ ဒီလူတွေ ဘယ်လိုခေါ်ခေါ် ကျုပ်တို့ ရွာထဲကို မလိုက်ဘူး၊ သူကြီးရဲ့အလှူမှာ ကျုပ်တို့ လုံးဝမကူဘူးလို့ ဆုံးဖြတ်ထားတယ် ”

ဟု ပြောလေ၏ ။

ထိုအခါ ဩဘာကလည်း ခေါင်းညိတ်၍

“ ဟုတ်တယ်၊ သူကြီးကို ကျုပ်တို့ပြောပြီးသား၊ ဘာဖြစ်လို့ ကျုပ်တို့ကို လာခေါ်နေသလဲ မသိဘူး ”

ဟု ပြောလေ၏ ။

ရွာသားအနီးသို့ရောက်သောအခါ တိမ်ညိုက

“ ဒီမှာ ကျုပ်တို့ကို လာမခေါ်နဲ့၊ သူကြီးရဲ့အလှူကို ကျုပ်တို့ လုံးဝမလာဘူးလို့ ပြောထားပြီး သား ”

ဟု ဆီးကြိုပြောဆိုလေ၏ ။

ဩဘာကလည်း

“ ဒီမှာ သူကြီးကို ကျုပ်တို့ အပြတ်ပြောထားပြီးသား၊ ဒီရွာကလူတွေ ကျုပ်တို့ကို အသိအမှတ်မပြုဘူး၊ ကျုပ်ကလည်း ရွာကလူတွေကို အသိအမှတ်ပြုစရာ မလိုဘူး ”

ဟု မကျေမချမ်း ပြောဆိုလေ၏ ။ ထိုအခါ ရွာသားက ကမန်းကတန်း လက်ကာပြ၍

“ နေပါဦး တိမ်ညိုနဲ့ဩဘာရာ၊ ငါပြောတဲ့စကားကိုလည်း ဆုံးအောင် နားထောင်ပါဦး၊ မင်း တို့ကို ခိုင်းဖို့ ရွာကိုခေါ်တာမဟုတ်ဘူးကွာ၊ ဟော့ဒီမှာ သူကြီးက မင်းတို့ကို စာပေးခိုင်းလိုက်လို့ပါ ”

ဟု ပြောလေ၏ ။

ရွာသား၏ စကားကြောင့် တိမ်ညိုနှင့်ဩဘာသည် လွန်စွာ အံ့ဩသွားလေ၏ ။ ထို့ကြောင့် တိမ်ညိုက စာကို ကမန်းကတန်းယူ၍ ဖတ်လိုက်၏ ။ ၎င်းစာမှာ

တိမ်ညိုနှင့်ဩဘာ ရွာထဲကို ပြန်ပြီးနေကြပါကွာ။

မင်းတို့နဲ့ သဘင်ကိစ္စ ဆွေးနွေးရအောင်

ဒီနေ့ညနေ နေဝင်ရီတရောအချိန်မှာ ငါရဲ့အိမ်ကိုလာခဲ့ပါ။

မင်းတို့ကို ငါစောင့်နေမယ်။

သူကြီး

ဟု ရေးသားထားလေ၏ ။

တိမ်ညိုသည် စာကိုဖတ်ကြည့်ပြီးနောက် အလွန်စိတ်လှုပ်ရှားသွားပြီး လက်သီးလက်မောင်းတန်းကာ

" ဟား ဟား ဟား ... သူကြီး စိတ်ပြောင်းသွားပြီကွ၊ နောက်ဆုံးတော့ သူကြီး ငါတို့ကို မလွန်ဆန်ဝံ့ဘူး၊ ငါတို့ရဲ့သဘင်ပညာ ဆွေးနွေးမလို့တဲ့ကွ "

ဟု ပြောလေ၏ ။ ထိုအခါ ဩဘာက ဝမ်းသာအားရဖြင့်

" သူကြီး ငါတို့ကိုခေါ်တာ နောက်ကျတယ်ကွာ၊ အလျူက မနက်ဖြန်၊ နီးကပ်မှ ငါတို့ကိုခေါ်တယ်၊ ငါတို့က ဘယ်လိုလုပ် ဇာတ်တိုက်ချိန် ရှိတော့မှာလဲ၊ မနက်ဖြန် စိန်တိမ်ညိုနဲ့ စိန်ဩဘာရဲ့အစွမ်းကို ငါတို့ ရွာသားတွေ သိစေရမယ် "

ဟု အားရပါးရပြောဆိုလေ၏ ။

ထိုအခါ တိမ်ညိုက မျက်မှောင်ကြုတ်၍

" သူကြီးက ငါတို့ကို သဘင်ကိစ္စဆွေးနွေးရင် စောစောခေါ်တာ

မဟုတ်ဘူးကွာ၊ ညနေ နေဝင်ရီတရောချိန်မှ သူ့ဆီကို လာခဲ့ရမယ်တဲ့၊ အချိန်တွေ သိပ်နောက်ကျကုန်ရင် မကောင်းဘူးကွာ ”

ဟု ပြောလေ၏ ။

ထိုအခါ ဩဘာက သက်ပြင်းချ၍

“ ဘာပဲဖြစ်ဖြစ် ... သူကြီးလာခိုင်းတဲ့အချိန် ငါတို့လာသင့်တယ်ကွ၊ သူကြီးမှာ ဒီပြင်အကြောင်းရှိလိမ့်မယ်၊ တော်ကြာ သူကြီး စိတ်ခုသွားရင် မကောင်းဘူးကွ ”

ဟု ပြောလေ၏ ။

ထို့နောက် တိမ်ညိုနှင့် ဩဘာလည်း ညနေစောင်းမည့်အချိန်ကို စိတ်လှုပ်ရှားစွာဖြင့် စောင့်နေလေ၏ ။ ထိုမြင်ကွင်းကို ကြည့်၍ လူဆိုးလူမိုက်ကြီးက

“ ဟား ဟား ဟား ... မင်းတို့ ကြည့်ရတာ သူကြီးကခေါ်ပြီး သဘင်ကိစ္စ ဆွေးနွေးမယ်ဆိုလို့ ပျော်နေပုံရတယ်၊ ငါ့အထင်တော့ ဒီကိစ္စဟာ လှည့်စားမှုတစ်ခုလို့ ထင်မိတယ်၊ သူကြီးဟာ မင်းတို့လို ဆင်းရဲသားနင်းပြားတွေကို တကူးတက စာရေးပြီးခေါ်တာ ထောင်ချောက်တစ်ခုလို့ ထင်မိတယ် ”

ဟု ပြောလေ၏ ။ ထိုအခါ တိမ်ညိုက

“ ဟာဗျာ ... ဘာထောင်ချောက်ရှိရမှာလဲ၊ ကျုပ်တို့ သဘင်ပညာကို သူကြီးယုံသွားလို့ဗျ၊ ဒီ နယ်တစ်ကြောမှာ တိမ်ညိုနဲ့ဩဘာရဲ့ မြို့ဇာတ်ပွဲတွေ ပတ်ခြောက်ဝိုင်းတွေဟာ နာမည်သတင်းကြီး နေတာ ခင်ဗျားလည်းသိတာပဲ၊ ဒီသတင်းတွေနဲ့ အရှိန်အဝါတွေဟာ တဖြည်းဖြည်း ကြီးပြီးတော့ သူကြီးက ကျုပ်တို့ကို လက်မလွှတ်နိုင်တာ ဖြစ်လိမ့်မယ် ”

ဟု ပြောလေ၏ ။

ထိုအခါ ဩဘာကလည်း လက်မထောင်၍

“ သိပ်ဟုတ်တာပေ့ါကွာ၊ စိတ်တိမ်ညိုနဲ့ စိန်သြဘာရဲ့ အစွမ်းကိုတွေ့ရမယ်၊ ဟဲ ဟဲ … ကို ဆင်ကြီး၊ ခင်ဗျား ကျုပ်တို့နှစ်ယောက်ရဲ့ အနုပညာကို လာပြီးအကဲခတ်ဦးနော်၊ ပတ်ခြောက်ဝိုင်းတော့ အနည်းဆုံးဖြစ်အောင် လုပ်မယ်ဗျာ ”

ဟု အားတက်သရော ပြောလေ၏။

လူဆိုးလူမိုက်ဆင်ကြီးသည် ၄င်းတို့၏ အမူအရာကို ကြည့်၍ သက်ပြင်းချလိုက်ပြီး

“ ဟား ဟား ဟား … မင်းတို့သာ မနက်ဖြန် ကဖြစ်အောင်ကစမ်းပါကွာ၊ မင်းတို့အနုပညာ ကို ငါ ဆက်ဆက်လာပြီး အားပေးပ့ါမယ်၊ ဟား ဟား ဟား … ဘာပဲဖြစ်ဖြစ် င့ါရဲ့အတွေ့အကြုံအရ မင်းတို့သူကြီး မှားယွင်းမှုတစ်ခုရှိနေပြီထင်တယ်၊ မင်းတို့ ကံကောင်းပါစေကွာ ”

ဟု ပြောလေ၏။

တိမ်ညိုနှင့်သြဘာလည်း ညနေစောင်းသောအခါ သူကြီးမင်း ချိန်းဆိုထားသောနေရာသို့ သွားရန် စိတ်စော၍ နေလေ၏။ ညနေစောင်းနေဝင်ရီတရောအချိန်ကို မစောင့်နိုင်သော သြဘာက

“ သူကြီးက ဘာလို့ ညနေမှချိန်းလဲမသိဘူးကွာ၊ ချိန်းတဲ့အချိန်ကလည်း နေဝင်ရီတရောအချိန်တဲ့၊ နောက်ပြီးတော့ သူကြီးချိန်းတဲ့အိမ်က ရွာအစွန်မှာရှိတဲ့ သူကြီးတို့ အကြွေးနဲ့သိမ်းထားတဲ့ အိမ်နော်၊ တကယ်ဆိုရင် ရွာအလယ်ပိုင်းမှာရှိတဲ့ အလှူအိမ်ကြီးမှာ ချိန်းဖို့ကောင်းတယ်ကွ၊ ငါတို့ နှစ်ယောက်ရဲ့ အရည်အချင်းကို တစ်ရွာလုံးသိရမှာ ”

ဟု ပြောလေ၏။

ထိုအခါ တိမ်ညိုက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ သူကြီးဟာ ငါတို့ကို ရွာလယ်အိမ်ကြီးမှာ ချိန်းဖို့သင့်တယ်၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ငါ့အထင်တော့ တို့နှစ်ယောက်ကို သဘင်ပညာစွမ်းပြမဲ့အရေးမှာ ကန့်ကွက်တဲ့သူတွေ ရှိနေပြီနဲ့တူတယ်၊ ဒါကြောင့် သူကြီးအနေနဲ့ ရွာစွန်က အိမ်ကြီးမှာ ချိန်းတာဖြစ်မယ် ”

ဟု ပြောဆိုလေ၏။

ထိုသို့ပြောဆိုနေစဉ်မှာပင် ညနေ နေဝင်ရီတရောအချိန် ရောက်ခဲ့၏။

ထိုအခါ တိမ်ညိုနှင့်ဩဘာတို့သည် ရွာစွန်ရှိ သူကြီးချိန်းဆိုသော အိမ်ကြီးသို့ ထွက်ခဲ့လေ၏။ ရွာစွန်ရှိ အိမ်ကြီးရှေ့ရောက်သောအခါ လူများ ရှင်းလင်းနေ၏။

တိမ်ညိုနှင့်ဩဘာသည် ခြံတံခါးကိုတွန်းပြီး အိမ်ထဲသို့ ဝင်ခဲ့၏။ ခြံထဲသို့ရောက်သောအခါ လူအရိပ်အယောင် မမြင်ရ၍ ဩဘာက

“ သူကြီး ... သူကြီး ”

ဟု အသံပြုလေ၏။

သို့သော် အိမ်ထဲတွင် မည်သည့်အရိပ်အယောင်မှ မမြင်တွေ့ရချေ။ ထို့ကြောင့် တိမ်ညိုနှင့် ဩဘာသည် အိမ်ပေါ်သို့တက်ခဲ့လေ၏။

အိမ်ပေါ်သို့ရောက်သောအခါ ဧည့်ခန်းထဲတွင် မြင်တွေ့ရသော မြင်ကွင်းကြောင့် သူတို့နှစ်ယောက်စလုံး အထိတ်တလန့် အော်ဟစ်လိုက်ကြ၏။

ဧည့်ခန်းထဲတွင် သူကြီး၏ ညီဖြစ်သူ ဦးဖိုးသာတစ်ယောက် ရင်ဝတွင် ဓါးစိုက်၍ ပက်လက်ကြီးလဲနေလေ၏။

တိမ်ညိုက အထိတ်တလန့်ဖြင့်

“ ဟာ ... ဦးဖိုးသာကို ဘယ်သူသက်သွားလဲမသိဘူး၊ ရင်ဝမှာ ဓါးကြီးစိုက်လို့ပါလား ”

ဟု အော်ဟစ်လေ၏ ။ ထိုအခါ ဩဘာကလည်း အနားတိုးကပ်ကြည့်၍

" အမယ်လေး ... ရင်ဂဝမှာ သွေးတွေ၊ သွေးတွေ မနည်းပါလား ဦးဖိုးသာကို ဘယ်သူသတ်သွားတာလဲ "

ဟု ရေရွတ်လေ၏ ။

တိမ်ညိုသည် ဦးဖိုးသာ၏ အနီးတွင် ဒူးထောက်၍ ထိုင်ချလိုက်ပြီး ဓါးဒဏ်ရာကို အနီးကပ် ကြည့်လေ၏ ။

ထိုအခိုက်မှာပင် ခြံဝသို့ သူကြီးနှင့် ရွာသူရွာသားများ ရောက်ရှိလာပြီး ဦးဖိုးသာ၏ အလောင်းကိုကြည့်လေ၏ ။

" ဟာ ... တိမ်ညိုနဲ့ဩဘာ မင်းတို့ အတော်ကျင့်ယုတ်တဲ့ လူတွေပါလား၊ မင်းတို့ဟာ ရွာမှာ မက,ရတာ နဲ့ ရွာကိုလူတွေကို အငြိုးထားပြီး လူသတ်မှု ကျူးလွန်တယ်၊ မင်းတို့ ငါ့ညီကိုသတ်တဲ့အတွက် မင်းတို့ကို ပုလိပ်လက်ထဲအပ်ရမယ် "

ဟု အော်ဟစ်လေ၏ ။ ထိုအခါ ရွာသူရွာသားများကလည်း အထိတ်တလန့်ဖြင့်

" တိမ်ညိုနဲ့ဩဘာ လူသတ်သွားပြီ၊ တိမ်ညိုနဲ့ဩဘာ ဦးဖိုးသာကို သတ်သွားပြီ "

ဟု တစ်ယောက်တစ်ပေါက် အော်ဟစ်ကြလေ၏ ။

ထိုအခါ တိမ်ညိုက ရွာသူရွာသားတွေဘက်သို့ ခေါင်းခါယမ်းလိုက်ပြီး

" ခင်ဗျားတို့ မှားနေပြီ၊ ဦးဖိုးသာကို ကျုပ်တို့မသတ်ဘူး၊ ကျုပ်တို့ ဒီအိမ်ကိုရောက်ကတည်းက ဦးဖိုးသာကို ဓါးဒဏ်ရာနဲ့တွေ့ရတာ ဦးဖိုးသာကို ကျုပ်တို့သတ်တာမဟုတ်ဘူး "

ဟု အထိတ်တလန့် ငြင်းဆိုလေ၏ ။

ထိုအခါ သူကြီးက လက်သီးလက်မောင်းတန်း အော်ဟစ်၍

“ ဟေ့ကောင်တွေ လက်ပူးလက်ကြပ်မိနေတာတောင် ငြင်းချင်သေးလို့လား၊ ငါ့ညီက လူကြီး လူကောင်းကွ၊ ရွာမှာ ငါ့ညီရဲ့ရန်သူမရှိဘူး၊ မင်းတို့နှစ်ယောက်ဟာ အလှူမှာ မကရတာ နဲ့ဘဲ ငါတို့ကို ရန်ငြိုးဖွဲ့တယ်၊ နောက်ပြီး ရွာစွန်မှာ ငါ့ညီတစ်ယောက်တည်းနေတဲ့အချိန်ကို ရွေးပြီး ငါ့ညီကို သတ်တယ်၊ မင်းတို့ လူသတ်သမားတွေ၊ မင်းတို့အကြံ ဒါအကုန်ပဲလား၊ ဒီကောင်တွေကို ဝိုင်းဖမ်းကြစမ်း၊ ပုလိပ်လက်အပ်ရမယ် ”

ဟု အော်ဟစ်ပြောလေ၏ ။

ထိုအခါ တိမ်ညိုက ဩဘာဘက်သို့လှည့်၍

“ ငါတို့ အပြစ်မရှိဘဲ အဖမ်းမခံနိုင်ဘူး၊ ငါတို့ ထွက်ပြေးမှ ဖြစ်မယ် ”

ဟု ဆိုကာ ဩဘာ၏ လက်ကို ဆွဲ၍ အိမ်၏ အနောက်ဘက်ဆီသို့ ပြေးလေ၏ ။

ထိုအခါ အနောက်တစ်ခါးပေါက်သည် တံခါးပိတ်ထားကြောင်း တွေ့ရ၏ ။ တိမ်ညိုသည် တံခါးဂျက်ကို အမြန်ဆုံးဖွင့်ရန် ကြိုးစား၏ သို့သော် တံခါးဂျက်သည် ကျပ်ပြီး အလွယ်တကူမပွင့်ဘဲ ရှိ လေ၏ ။

ထို့ကြောင့် တိမ်ညိုသည် တံခါးကို ကိုယ်စောင်းနှင့်တိုက်၍ ဖွင့်လိုက်ရာ တံခါးသည် ဝုန်းခနဲ ပွင့်သွားလေ၏ ။ ထိုတံခါးပေါက်မှ တိမ်ညိုနှင့်ဩဘာသည် ကမန်းကတန်း ခုန်ထွက်လိုက်လေ၏ ။

ထိုအခါ သူကြီးနှင့် ရွာသားများသည် အိမ်၏ အနောက်မှ

“ လူသတ်သမားတွေ ပြေးပြီဟေ့ … လိုက်ကြ … လိုက်ကြ ”

ဟု ညာသံပေး၍ လိုက်လာကြ၏ ။

တိမ်ညိုနှင့်ဩဘာသည် အိမ်၏ အနောက်ဘက်ခြံစည်းရိုးကို ကျော်ခွ၍

ပြေးလေ၏။

ငှင်းတို့သည် အထိတ်တလန့်ဖြင့် ရွာလယ်လမ်းမကြီးအတိုင်း ပြေးပြီး ရွာအပြန်ဘက်သို့ ခြေကုန်သုတ်လေ၏။

သူကြီးနှင့် ရွာသူရွာသားများသည် တုတ်ဓားလက်နက်များကို ကိုင်ဆောင်၍ ညာသံပေးပြီး အနောက်မှ လိုက်ကြလေ၏။

ငှင်းတို့သည် လူသတ်သမားအဖြစ် အပြစ်မရှိဘဲ အဖမ်းမခံလိုသဖြင့် ထိုရွာမှ လွတ်မြောက်အောင် ထွက်ပြေးကြ၏။

သူကြီးသည် တိမ်ညိုနှင့်ဩဘာကို ရွာထိပ်သို့အပြေးလိုက်ပြီးနောက် ရပ်တံ့၍

" ငါ့ရဲ့ နှစ်လုံးပြူးပြန်ယူမယ်၊ ဒီကောင်တွေကို မရ,ရအောင် ဖမ်းမယ် "

ဟု ကြုံးဝါးကာ ရွာသို့ ပြန်လည်ထွက်ခွာသွားလေ၏။

တိမ်ညိုနှင့်ဩဘာသည် အသက်ထွက်လုမတတ် ပြေးလွှားရင်း ရွာနှင့်တဖြည်းဖြည်း ဝေးခဲ့လေတော့၏။



လူသတ်သမား
ကိုတွေ့ပြီဟေ့
လိုက်ကြ .. လိုက်ကြ



ငှင်းတို့သည် ရွာနှင့်ဝေးကွာခဲ့သော်လည်း အနားရဲဘဲ ဆက်လက်၍ ပြေးလွှားခဲ့၏။ ၎င်းတို့ သွားရာလမ်း၌ အလင်းရောင်ကြီးစိုးမှု လျော့ပါးလာ၏။

၎င်းတို့သည် ညအမှောင်တွင် အနီးဆုံးရွာသို့ရောက်လေ၏။ ထိုရွာသို့ရောက်သောအခါ ရွာစွန်ရှိ အိမ်တစ်အိမ်သို့ ဦးတည်၍ ပြေးလေ၏။

ထိုအိမ်၌ ၎င်းတို့၏ မိတ်ဆွေ လှည်းသမားတစ်ဦးရှိ၏။ ၎င်းတို့သည် လှည်းသမားထံသို့ သွား၍ မြို့ပေါ်သို့ အလောတကြီးသွားလိုကြောင်း ပြောလေ၏။

လှည်းသမားသည် တိမ်ညိုနှင့်သြဘာ၏ ပတ်ခြောက်ဝိုင်းကို နှစ်သက်သူဖြစ်သဖြင့် ၄င်းတို့အား အရေးတယူ လိုက်လံပို့ဆောင်ပေး၏။

ဤသို့ဖြင့် တိမ်ညိုနှင့်သြဘာသည် မြို့ပေါ်သို့ရောက်ရန် အလောတကြီး ဖြစ်နေလေ၏။

တိမ်ညိုနှင့်သြဘာ၏ အမူအရာကို ကြည့်၍ လှည်းသမားက သင်္ကာမကင်းဖြစ်ဟန်ဖြင့်

" နေပါဦး ... ခင်ဗျားတို့ ဘာလို့ ဒီလောက် မြို့ပေါ်ရောက်ဖို့ အလျင်လိုနေရတာ လဲ "

ဟု မေးမြန်းလေ၏။ ထိုအခါ တိမ်ညိုနှင့်သြဘာသည် တစ်ယောက်မျက်နှာ တစ်ကြည့်ရင်း တိမ်ညိုက

" ကျုပ်တို့ရွာက ရွာဦးကျောင်းဆရာတော်ကြီး နာမကျန်းဖြစ်လို့ဗျ၊ ဒါကြောင့် မြို့ပေါ်တက် ပြီး ဆရာဝန်ပင့်မလို့၊ ဒါကြောင့် ကျုပ်တို့ အလောတကြီးဖြစ်နေတာ "

ဟု ပြောလေ၏။

ထိုအခါ လှည်းသမားက

" ဟင် ... ဆရာတော်ကြီး နာမကျန်းဖြစ်နေတယ် ဟုတ်လား၊ လွန်ခဲ့တဲ့နှစ်ရက်ကပဲ ဆရာတော်ကြီးကို ကျန်းကျန်းမာမာ ဖူးတွေ့လိုက်ရပါတယ် "

ဟု ပြောလေ၏။

ထိုအခါ သြဘာက အထစ်ထစ်အငေါ့ငေါ့ဖြင့်

" မဟုတ်ဘူးဗျ ... ဆရာတော်ကြီးက မနေ့ကအထိ အကောင်းချည်း၊ ဒီနေ့နံနက်မှ ရောင်တခင်ဖြစ်သွားတာ၊ ဒါကြောင့် ကျုပ်တို့လည်း အလောတကြီး မြို့ပေါ်ကို ပြေးဖို့လုပ်နေတာပေါ့ဗျ "

ဟု ပြောလေ၏။

ထိုအခါ လှည်းသမားက

“ ဆရာတော်ကြီးအတွက် ဆရာဝန်ခေါ်မယ်ဆိုရင် ကျုပ်စောင့်နေပေါ့မယ် ”

ဟု ပြောလေ၏။

တိမ်ညိုက ခေါင်းခါယမ်း၍

“ မစောင့်နဲ့တော့ဗျာ ရတယ် … ရတယ်၊ ကျုပ်တို့မြို့ကပဲ ကြုံရာလှည်းသမားခေါ်ပြီး ပြန်ခဲ့မယ်ဗျာ ”

ဟု ပြောလေ၏။

ထိုအခါ လှည်းသမားက လက်ကာပြ၍

“ ဟာ … မြို့ပေါ်က လှည်းသမားထပ်ခေါ်ရင် ခင်ဗျားတို့ အချိန်တွေ ထပ်ကုန်မှာပေ့ါဗျ၊ ကျုပ်ပဲ ဆရာတော်ကြီးအတွက် ကုသိုလ်ယူပြီး စောင့်နေပေါ့မယ်ဗျာ ”

ဟု ပြောလေ၏။

ထိုအခါ တိမ်ညိုနှင့်ဩဘာသည် လှည်းသမားကို စကားမဆိုတော့ဘဲ စိတ်လှုပ်ရှားစွာဖြင့် လှည်းပေါ်ပါသွားလေ၏။

၄င်းတို့၏ လှည်းသည် ညဥ့်အတော်နက်သောအခါမှပင် မြို့သို့ ရောက်လေ၏။

မြို့ပေါ်သို့ရောက်သောအခါ လှည်းသမားသည် ဆရာဝန်ကြီးအိမ်သို့ မောင်းနှင်သွားလေ၏။ တိမ်ညိုနှင့်ဩဘာသည် လှည်းသမား၏ အပြုအမူကြောင့် အခက်တွေ့နေကြ၏။

လှည်းသမားသည် လှည်းပေါ်မှ အောက်ဆင်း၍ ကုလားဆရာဝန်ကြီး၏ ခြံတံခါးကို တဝုန်းဝုန်း အသံမည်အောင် လှုပ်ခတ်လေ၏။

ဆရာဝန်ကြီးသည် တံခါးကို တဝုန်းဝုန်း လှုပ်ခတ်သံကြားသောအခါ ဒေါသတကြီးဖြင့်

" တောက် ... ညကြီးအချိန်မတော် လူနာလာပင့်ပြန်ပြီး တူတယ်ကွာ၊ ငါ့မှာ အေးအေးဆေးဆေး နားနေချိန်လေးတောင် မရှိတော့ပါလား၊ လူတွေဘာဖြစ်လို့ ဒီလောက် ကျန်းမာရေးချို့တဲ့နေရတာ လဲ၊ ဒီမြို့မှာ ဘာဖြစ်လို့ ငါတစ်ယောက်တည်း ဆရာဝန်ဖြစ်နေရတာ လဲ "

ဟု မကျေမနပ် ရေရွတ်ကာ အိပ်ရာပေါ်မှ လူးလဲထလေ၏။ လှည်းသမားမှာ ဆရာဝန်ကြီး၏ အိမ်မှ မီးရောင်ကို မမြင်ရသဖြင့် အသံပြဲကြီးဖြင့်

" ဆရာဝန်ကြီး ... ဆရာဝန်ကြီး "

ဟု အော်ဟစ်ခေါ်ဝေါ်လေ၏။

တိမ်ညိုနှင့်သြဘာသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ခေါင်းကုတ်လိုက်ကြ ၏။

ထိုအခိုက်မှာပင် အိမ်ထဲမှ ကုလားဆရာဝန်ကြီးထွက်လာကာ

" ဟေ့လူတွေ ... ဘာဖြစ်လို့ ညသန်းခေါင်ချိန်ကြီးမှာ အသံပြဲကြီးနဲ့ အော်နေရတာ လဲ၊ ကိုယ့်လူ ဒီလောက်အသံပြဲကြီးနဲ့ အော်နေပုံထောက်ရင် မွေးလူနာရှိလို့ပဲဖြစ်မယ်၊ ဒီမယ် ... ကျုပ်ကို သေသေချာချာကြည့်စမ်း၊ မွေးလူနာရှိတိုင်း ကျုပ်လိုက်မွေးမပေးနိုင်ဘူး၊ ဒီနားမှာ ဂမ်းဆွဲအဘွားကြီးရှိတယ် ဒေါ်ကျင်ကျင်ဆိုတာရှိတယ်၊ သူ့ကိုသွားခေါ် "

ဟု လမ်းကြောင်းလွှဲပေးလိုက်လေ၏။ ထိုအခါ လှည်းသမားက ကမန်းကတန်း လက်ကာပြ ၍

“ မွေးလူနာ မဟုတ်ဘူးဗျ၊ မယ်ဇလီကုန်းက ဆရာတော်ကြီး အသည်းအသန်ဖြစ်နေလို့ ”

ဟု အော်ဟစ်ပြောဆိုလေ၏ ။ ထိုအခါ ဆရာဝန်ကြီးက မျက်လုံးပြူးသွားပြီး

“ ဘာ … မယ်ဇလီကုန်းက ဆရာတော်ကြီး အသည်းအသန်ဖြစ်နေတယ် ဟုတ်လား၊ နေပါဦး … ဆရာတော်ကြီး ဘယ်အချိန်က အသည်းအသန်ဖြစ်တာလဲ ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ လှည်းသမားက ကြောင်အမ်းအမ်း ဖြစ်သွားပြီး တိမ်ညိုနှင့်ဩဘာဘက်သို့ လှည့်ကြည့်လေ၏ ။ ထိုအခါ တိမ်ညိုက အသံတုန်တုန်ယင်ယင်ဖြင့်

“ ဆရာတော်ကြီး နေ့လယ်ကတည်းက မူးမေ့လဲသွားတာပါ၊ အခု အိပ်ရာကမထနိုင်ဘူး၊ မူးမေ့လဲနေပါတယ် ”

ဟု ပြောလေ၏ ။

ထိုအခါ ကုလားဆရာဝန်ကြီးက

“ ကောင်းပြီ … ဒါဆိုရင် မင်းတို့ ဒီနေရာမှာ ခဏလေးစောင့်နေ၊ ငါ အခုချက်ချင်း ထွက်လာခဲ့မယ် ”

ဟု ဆိုကာ အိမ်ထဲသို့ ကမန်းကတန်း ပြေးဝင်သွားလေ၏ ။ လှည်းသမားက တိမ်ညိုနှင့်ဩဘာဘက်သို့လှည့်၍

“ ဟဲ … ဟဲ … ဒါဆိုရင် ဆရာတော်ကြီးအတွက် အသက်အန္တရာယ် စိုးရိမ်စရာမရှိတော့ဘူး၊ ဆရာဝန်ကြီးက အလွန်ဆေးလိုက်တာဗျ၊ သူ့ရဲ့လူနာတွေ အဖိတ်အစင်ရှိတယ်လို့ မကြားဖူးဘူး ”

ဟု ပြောလေ၏ ။

တိမ်ညိုနှင့်ဩဘာသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍

“ ဒုက္ခပါပဲ ”

ဟု ရေရွတ်လိုက်ကြလေ၏ ။

မကြာခင် ဆရာဝန်ကြီး ဆေးအိတ်ဆွဲပြီး ထွက်လာလျှင် ခက်ပေရော့မည်။ ထို့နောက် တိမ်ညိုသည် လှည်းသမားလက်မှ ရှောင်ပြေးရန် အကြံတစ်ခုရသွားပြီး

“ ကျုပ်တို့ မှောင်ရိပ်ထဲမှာ အပေ့ါလေးသွားလိုက်ဦးမယ်၊ ခင်ဗျား ဒီမှာပဲ စောင့်နေပါ ”

ဟု ပြောကာ ဩဘာ၏ လက်ကိုဆွဲ၍ မှောင်ရိပ်ထဲသို့ ပြေးလေတော့၏ ။ မှောင်ရိပ်ထဲသို့ ရောက်သောအခါ တိမ်ညိုက

“ ငါတို့ ဒီနေရာကနေ ထွက်ပြေးမှဖြစ်မယ်၊ မကြာခင် ဆရာဝန်ကြီး ဆေးအိတ်ဆွဲပြီး ထွက်လာရင်ခက်ကုန်တော့မယ် ”

ဟု ပြောလေရာ ဩဘာက

“ သိပ်ကောင်းတယ် ... ငါတို့ ဒီနေရာက အမြန်ဆုံးပြေးမှ ဖြစ်မယ် ”

ဟု ဆိုကာ နှစ်ယောက်သား လှည်းသမားနှင့်ဝေးရာသို့ ပြေးခဲ့လေ၏ ။

၎င်းတို့သည် အတန်ကြာအောင် သွားလာပြီးနောက် မောပန်းနွမ်းနယ်သဖြင့် ခဏမျှ နား လိုက်လေ၏ ။

မြို့တစ်မြို့လုံး ညဥ့်နက်သန်းခေါင်ယံအချိန်ဖြစ်သဖြင့် တိတ်ဆိတ်ငြိမ်သက်နေ၏ ။

ထိုအခိုက်မှာပင် ၎င်းတို့၏ ရှေ့တည့်တည့်မှ လက်နှိပ်ဓါတ်မီး အရောင်များကို မြင်ရ၏ ။

တိမ်ညိုက လက်နှိပ်ဓါတ်မီးအရောင်ကို အထိတ်တလန့် လက်ညှိုးထိုး၍

“ ဟာ … ဟိုမှာ လက်နှိပ်ဓါတ်မီးအရောင်တွေပါလား သူကြီးနဲ့ ရွာသားတွေလိုက်လာပြီထင် တယ် ”

ဟု ပြောလေ၏ ။

ထိုအခါ ဩဘာက လက်နှိပ်ဓါတ်မီးအရောင်များကိုကြည့်၍

“ သူကြီးနဲ့ရွာသားတွေ မဖြစ်နိုင်ဘူး၊ ပုလိပ်တွေဖြစ်ရင်လည်းဖြစ်မှာ၊ ငါတို့ ဒီအနားမှာပဲ မှောင်ရိပ်ခိုပြီး ပုန်းနေမှဖြစ်မယ် ”

ဟု ပြောလေ၏ ။

၎င်းတို့သည် လူသတ်မှုနှင့်ပတ်သက်ပြီး မတရားစွတ်စွဲခံလိုက်ရသဖြင့် လူစုလူဝေးကို မြင်လျှင် ထိတ်လန့်တုန်လှုပ်သွားလေ၏ ။

ထိုအခိုက်မှာပင် လက်နှိပ်ဓါတ်မီးအရောင်များသည် ၎င်းတို့နှင့် တဖြည်းဖြည်းနီးကပ်လာလေ၏ ။

ထိုလူများကို အနီးကပ်မြင်ရသောအခါ ပုလိပ်များဖြစ်နေကြောင်း တွေ့ရ၏ ။ ပုလိပ်များသည် ရေကြီးသုတ်ပျာဟန်ဖြင့် သွားလာနေကြခြင်း ဖြစ်၏ ။ ထိုလူအုပ်ထဲမှာ ပုလိပ်တစ်ဦးက

“ ခင်ဗျားတို့ သွားနှင့်ကြဗျို့၊ ကျုပ် ဒီမှာ အပေ့ါသွားလိုက်ဦးမယ် ”

ဟု ဆိုကာ တိမ်ညိုနှင့်ဩဘာ ပုန်းအောင်းနေသော ချုံပုတ်အနီးသို့ ရောက်ရှိလာလေ၏ ။

ထိုအခါ တိမ်ညိုနှင့်ဩဘာ အထိတ်တလန့်ဖြစ် ပုလိပ်နှစ်ဦးကို စောင့်ကြည့်နေမိ၏ ။

ပုလိပ်နှစ်ဦးသည် တိမ်ညိုနှင့်ဩဘာတို့ရှိသော ချုံပုတ်ရှေ့တွင် ရပ်၍

အပေ့ါသွားလေ၏ ။ တိမ်ညိုနှင့်ဩဘာသည် ၄င်းတို့ကို အညစ်အကြေးများ မထိမှန်စေရန် ကမန်းကတန်း နောက်သို့ ခုန်ဆုတ်လိုက်ရ၏ ။

ထိုအခါ အပေ့ါသွားနေသော ပုလိပ်တစ်ဦးသည် လန့်ဖျန့်သွားပြီး

“ ဟိုက် … ချုံထဲက ဘာလဲကွ၊ မြွေများလား ”

ဟု အော်ဟစ်လေ၏ ။

ထိုအခါ ကျန်သောပုလိပ်တစ်ဦးက

“ ဟာ … မြို့ပေါ်မှာ မြွေမရှိပါဘူးကွာ၊ ကြံဖန်ပြီး ကြောက်မနေစမ်းပါနဲ့၊ ကိုယ့်ကိစ္စကိုယ် ပြီးအောင်လုပ်ပါရစေ၊ ညဥ့်နက်သန်းခေါင်ကွာ၊ အိပ်ရာမှာ အေးအေးဆေးဆေး အိပ်မယ်ကြံသေးတယ်၊ ဆရာဝန်ကြီးက လာခေါ်သေးတယ်၊ သူ့အိမ်မှာ အယောင်ဆောင်ပြီး လူဆိုးဓါးပြတွေ ရောက်နေတယ်တဲ့ ”

ဟု ပြောလေရာ တိမ်ညိုနှင့်ဩဘာသည် အလွန်အံ့ဩသွားပြီး ပုလိပ်များ၏ စကားကို နားစွင့်နေမိ၏ ။

ထိုအခါ ပုလိပ်တစ်ဦးက

“ နေပါဦး … သူ့အိမ်မှာ လူဆိုးဓါးပြတွေရောက်နေတာ ဘယ်လိုလုပ်သိတာလဲ ”

ဟု ပြောလေရာ။

ထိုအခါ ကျန်သောပုလိပ်က

“ တကယ်တော့ ဆရာဝန်ကြီး ကံကောင်းသွားတာကွ၊ ဒီနေ့ညနေပဲ ဆရာဝန်ကြီးဟာ မယ်ဇလီကုန်းကိုရောက်လို့ ဆရာတော်ကြီးကို ဝင်ဖူးခဲ့သေးတယ်၊ အဲဒီ တုန်းက ဆရာတော်ကြီးဟာ ကျန်းကျန်းမာမာကြီး ရှိခဲ့သေးတယ်၊ ဆရာတော်ကြီးဆီမှာ အလွန်ရှားပါးတဲ့ မြန်မာ့ဆေးစာအုပ် တွေရှိတယ်ကွ၊

ဒါကြောင့် ဆရာဝန်ကြီးက မယ်ဇလီကုန်း ရောက်တုန်း ဝင်ပြီးငှားတာကွ၊ ဒါကြောင့် ဆရာတော်ကြီး ကျန်းကျန်းမာမာရှိတယ်ဆိုတာ သိတယ်၊ အခု လူဆိုးဓါးပြတွေက ဆရာတော်ကြီး မကျန်းမာဘူးဆိုပြီး ဆရာဝန်ကြီးကို ပင့်တယ်လေ၊ ဒီကောင်တွေ အတော်အတင့်ရဲတယ်ကွာ ”

ဟု ပြောလေ၏ ။

ပုလိပ်နှစ်ဦး၏ စကားကို နားထောင်၍ တိမ်ညိုနှင့်ဩဘာသည် ထိတ်လန့်တုန်လှုပ်သွားပြန်၏ ။

၄င်းတို့ သွားရောက်ခဲ့သော ဆရာဝန်သည် တိုက်တိုက်ဆိုင်ဆိုင်ပင် မနက်ကပင် မယ်ဇလီ ကုန်းရွာက ဆရာတော်ကြီးကို ဖူးမြော်သွားသည်ဆို၏ ။

ထိုအခိုက်မှာပင် ပုလိပ်နှစ်ဦးသည် ရှေ့သို့ရောက်နှင့်နေသော ပုလိပ်များနောက်သို့ ကမန်းကတန်း ပြေးလိုက်သွားကြ၏ ။

ထို့နောက် တိမ်ညိုက သက်ပြင်းချ၍

“ တောက် … ငါတို့နှစ်ယောက်ရဲ့ ကံကိုက ဆိုးလွန်းပါတယ်ကွာ၊ ရွာကနေ လူသတ်မှုနဲ့ မတရားစွပ်စွဲခံရလို့ မြို့ကိုပြေးလာတယ်၊ မြို့ကိုရောက်တော့ ဆရာဝန်ကြီးကိုပြန်ပေးဆွဲမဲ့ လူဆိုး ဓားပြတွေ ဖြစ်နေပြီ ”

ဟု ညည်းညူလေ၏ ။

ထိုအခါ ဩဘာကလည်း သက်ပြင်းချ၍

“ အမယ်လေး … စိန်တိမ်ညိုနဲ့စိန်ဩဘာရဲ့အဖြစ်က ဆိုးလှချည်လား၊ နိုင်ငံကျော် ပညာသည်ကြီးဖြစ်မလားလို့ အောက်မေ့တယ်၊ အခုတော့ လူသတ်ဂရမ်းပြေးတွေ ဖြစ်နေပါလား၊ ဒုက္ခပါပဲဗျာ ”

ဟု ညည်းညူလေ၏ ။

ထိုအခါ တိမ်ညိုက

“ ငါတို့ ဒီညအိပ်လို့မဖြစ်ဘူး၊ ဒီမြို့က ဝေးရာကို ပြေးမှဖြစ်မယ် ”

ဟု ပြောလေရာ ဩဘာက မျက်စိမျက်နှာပျက်ပြီး

“ ဒါဆိုရင် ဒီနေ့ည ငါတို့မအိပ်ရတော့ဘူးပေ့ါ၊ ငါတို့တော့ ကြမ္မာဆိုးပြီကွာ၊ ရွာမှာလည်း လူမသတ်ဘဲနဲ့ လူသတ်သမားလို့ အစွပ်စွဲခံရတယ်၊ မြို့ကိုရောက်တော့လည်း တိုက်တိုက်ဆိုင်ဆိုင် ဂရမ်းပြေး ဖြစ်လာပြီ၊ ငါတို့တော့ ဂြိုဟ်ဆိုးဝင်ပါပြီကွာ ”

ဟု ပြောလေ၏ ။

ထိုအခါ တိမ်ညိုက ခေါင်းညိတ်၍

“ ရွာအစွန်မှာနေတဲ့ ရွာလူမိုက်ဆင်ကြီးရဲ့စကားကို ငါသွားသတိရတယ်၊ ငါတို့ဆီကို သူကြီး ရဲ့စာရောက်တော့ ဆင်ကြီးက ပြောတယ်၊ ဒါဟာ ထောင်ချောက်တစ်ခုဖြစ်နိုင်တယ်တဲ့၊ သိပ်အံ့ဩ ဖို့ကောင်းတယ်၊ ဆင်ကြီးပြောတာ မှန်နေတယ်၊ ငါတို့ဟာ လူသတ်သမားရဲ့ ထောက်ချောက်ထဲကို ဝင်သွားတာကွ၊ ဒါဆိုရင် ငါတို့ကို စာရေးပြီး ဆက်သွယ်တာ သူကြီးမှဟုတ်ရဲ့လား ”

ဟု ရေရွတ်လေ၏ ။

ထိုအခါ ဩဘာက

“ သူကြီးစာမှ သူကြီးစာအစစ်ပါကွာ၊ သူကြီးရဲ့ ကြွေးစာရင်းမှတ်တဲ့ လက်ရေးကို ငါသိပါတယ်၊ နောက်ပြီးတော့ ငါတို့ကို စာလာပေးတဲ့ ကိုရင်သာအေးကလည်း သူကြီးကိုယ်တိုင် ပေးခိုင်းလိုက်တာလို့ ပြောတယ် မဟုတ်လား၊ ဒါကြောင့် ငါတို့ကို စာရေးပေးတာ သူကြီးဖြစ်နိုင်တယ် ”

ဟု ပြောလေ၏ ။

ထိုအခါ တိမ်ညိုကလည်း ခေါင်းညိတ်၍

“ ဟုတ်တယ်၊ ဒီလက်ရေးကို ငါလည်းမှတ်မိတယ်၊

သူကြီးလက်ရေးဖြစ်ဖို့ တော်တော်များတယ်၊ ဒါဆိုရင် သူကြီးညီကိုသတ်တာ သူကြီးမင်းများ ဖြစ်နေမလား ”

ဟု ပြောလေ၏ ။

ထိုအခါ ညြဘာက ခေါင်းယမ်း၍

“ ဟာကွာ … သူကြီးနဲ့သူညီက အင်မတန်ချစ်ကြတာကွ၊ အမွေကိစ္စနဲ့ သတ်ဖြတ်ရအောင်လည်း မဖြစ်နိုင်ဘူး၊ သူကြီးရဲ့ညီက လူပျိုကြီးကွ၊ သူ့မှာ လိုချင်တက်မက်စိတ်လည်း ရှိတာမဟုတ်ဘူး၊ ဟာကွာ … တွေးရင်း တွေးရင်း ခေါင်းခြောက်လာပြီ ”

ဟု ညည်းညူလေ၏ ။

ထိုအခါ တိမ်ညိုက

“ ငါတို့ ဒီကိစ္စတွေ နောက်မှတွေးကြမယ်၊ လောလောဆယ် ဒီမြို့က ဝေးတဲ့နေရာကို ပြေးမှ ဖြစ်မယ်၊ မနက်ဆိုရင် ပုလိပ်တွေ မြင်သွားလိမ့်မယ် ”

ဟု ဆိုကာ ညြဘာလက်ကိုဆွဲ၍ မြို့ပြင်သို့ရောက်အောင် အမြန်ဆုံး လှမ်းခဲ့လေ၏ ။

ထိုအချိန်တွင် တိမ်ညိုတို့ကို ဖမ်းဆီးရန် ကြံရွယ်ထားသော ပုလိပ်များသည် ဆရာဝန်ကြီး အိမ်ရှေ့တွင် ကျန်ရစ်ခဲ့သော လှည်းသမားကို ဖမ်းဆီးရန် ပြင်လိုက်သောအခါ လှည်းသမားက အထိတ်တလန့်ဖြင့်

“ ဟာ … ကျုပ်ကို ဘာဖြစ်လို့ ဖမ်းတာလဲ၊ ကျုပ်က ဆရာဝန်ကြီးကို လာပင့်တာဗျ၊ လူဆိုး ဓားပြ မဟုတ်ဘူး ”

ဟု ပြောလေ၏ ။

ထိုအခါ ပုလိပ်တစ်ဦးက လှည်းသမား၏ နာရင်းကို ဖျောင်းခနဲ ရိုက်၍

“ ဟေ့ကောင် ... မင်းနဲ့အတူပါလာတဲ့ လူဆိုးနှစ်ယောက် ဘယ်ရောက်သွားပြီလဲ ”

ဟု မေးမြန်းလေ၏။

ထိုအခါ လှည်းသမားက အထိတ်ထိတ် အလန့်လန့်ဖြင့်

“ သူတို့ ... သူတို့ အပေါ့သွားမယ်ဆိုပြီး ဟိုဘက်ကို ထွက်သွားပါတယ် ”

ဟု ပြောကာ မှောင်ရိပ်ဘက်သို့ လက်ညှိုးညွှန်ပြလေ၏။ ထိုအခါ ပုလိပ်များက တိမ်ညိုနှင့် ဩဘာ ထွက်ပြေးသွားပြီဖြစ်ကြောင်း ရိပ်စားမိသွားပြီး

“ ဓားပြနှစ်ကောင် ဟိုဘက်ကို ပြေးပြီဟေ့၊ ပုလိပ်တွေ လူစုခွဲပြီး လိုက်ကြ ”

ဟု အော်ဟစ်အမိန့်ပေးလေ၏။

ပုလိပ်များသည် တိမ်ညိုနှင့်ဩဘာ ထွက်ပြေးသွားသည့်လမ်းအတိုင်း လက်နှိပ်ဓါတ်မီးရောင် တဝင်းဝင်းဖြင့် လိုက်ကြလေ၏။

တိမ်ညိုနှင့်ဩဘာသည် အတန်ကြာအောင် သွားလာပြီးနောက် အနောက်မှာ လူသံသူသံ များကို ကြားရ၍ လှည့်ကြည့်လိုက်သောအခါ လက်နှိပ်ဓါတ်မီးရောင်တဝင်းဝင်းဖြင့် လိုက်လာသော ပုလိပ်များကို တွေ့ရ၏။

ထိုအခါ တိမ်ညိုက

“ ဟာ ... ပုလိပ်တွေ ငါတို့နောက်ကို လိုက်လာပြီ၊ သူတို့လှည်းသမားနဲ့ တွေ့သွားပြီထင်တယ်၊ ဒုက္ခပါပဲ ... ငါတို့ ပြေးမှဖြစ်မယ် ဒီအချိန်မှာ ပုလိပ်တွေ ငါတို့ကို ဖမ်းမိသွားရင်၊ ဒုက္ခပါပဲ ... ငါတို့ ပြေးမှဖြစ်မယ်၊ ဒီအချိန်မှာ ပုလိပ်တွေ ငါတို့ကို ဖမ်းမိသွားရင် လူသတ်မှုရော၊ ပြန်ပေးမှုရော၊ အမှုတွေ နည်းမှာမဟုတ်ဘူး ”

ဟု ဆိုကာ ပုလိပ်များနှင့် ဝေးရာသို့ ပြေးကြလေ၏။ ပုလိပ်များသည် တိမ်ညိုနှင့်ဩဘာ၏ နောက်သို့ လက်နှိပ်ဓါတ်မီးရောင် တဝင်းဝင်းဖြင့်

လိုက်ကြလေ၏။

ပုလိပ်တို့၏ ခရာမှုတ်သံကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံပွက်နေလေ၏။ ပုလိပ်များ သည် ထိုမြို့ကို ကျွမ်းကျင်သူများဖြစ်သဖြင့် လူစုခွဲပြီး လိုက်လေ၏။




ထို့ကြောင့် တိမ်ညိုနှင့်ဩဘာသည် လမ်းတစ်လမ်းတွင် ပိတ်မိသွားလေ၏။ ဩဘာက ပုလိပ်များကို အထိတ်တလန့်ကြည့်၍

“ ဟိုက် ... ပုလိပ်တွေကြားမှာ ငါတို့နှစ်ယောက် ညှပ်ပူးညှပ်ပိတ် ဖြစ်နေပြီ၊ ဒုက္ခပါပဲ ... ဘယ်လိုလုပ်ကြမလဲ ”

ဟု မေးလေ၏။

ထိုအခါ တိမ်ညိုက ပတ်ဝန်းကျင်ကို မျက်စိကစား၍

“ ငါတို့ ဒီနားက အိမ်တစ်အိမ်မှာ ဝင်ခိုမှဖြစ်မယ်၊ ရှေ့ဆက်ပြီး သွားလို့လည်း မရတော့ဘူး၊ နောက်ဆုတ်လို့လည်း မရတော့ဘူး၊ ညှပ်ပူးညှပ်ပိတ် ဖြစ်နေပြီ ”

ဟု ပြောကာ အနီးဆုံး အိမ်တစ်အိမ်၏ ခြံစည်းရိုးကို တိုးကပ်လိုက်ကြ၏ ။

ထို့နောက် ခြံစည်းရိုးကို ကျော်တက်၍ အတွင်းသို့ဝင်ရန် ပြင်လိုက်၏ ။ ခြံတွင်းသို့ ရောက်သောအခါ နှစ်ထပ်ရှိနေသော အိမ်လေးတစ်လုံးကို မြင်ရ၏ ။

ထိုအိမ်လေး၏ ။ အောက်ထပ်ခန်းတစ်ခန်းတွင် မီးရောင်လင်းလက်နေ၏ ။ တိမ်ညိုက ပြတင်းပေါက်ကို လက်ဖြန့်တွန်းဖွင့်ရာ ပြတင်းပေါက် အလွယ်တကူ တွန်းပွင့်သွားကြောင်း တွေ့ရ၏ ။

တိမ်ညိုနှင့်ဩဘာတို့သည် ပြတင်းပေါက်ကိုဖွင့်၍ အိမ်တွင်းသို့ ဝင်ခဲ့လေ၏ ။

ထိုစဉ် အခန်းထဲသို့ မျက်လုံးဝေ့ကြည့်သောအခါ၌ ကုတင်တစ်လုံး၊ မှန်တင်ခုံ၊ အဝတ်ထဘီများ ရှိကြောင်း သိရသဖြင့် မိန်းကလေးတစ်ဦး၏ အခန်းဖြစ်ကြောင်း ရိပ်စားမိသွား၏ ။

တိမ်ညိုက လေသံတိုးတိုးဖြင့်

“ ငါတို့ ဒီအခန်းထဲမှာ ခဏပုန်းနေကြမယ် ”

ဟု ပြောလေ၏ ။

ထိုအခိုက်မှာပင် အခန်းတံခါးဖွင့်သံကိုကြားရသဖြင့် တိမ်ညိုတို့သည် ပုန်းရန်နေရာကို ကမန်းကတန်း ရှာဖွေကြ၏ ။ ထိုအခါ ကုတင်အနောက်တွင် အဝတ်များလှန်းထားသော စင်တစ်ခုရှိကြောင်း တွေ့ရ၏ ။

တိမ်ညိုတို့သည် ထိုစင်နောက်သို့ ကမန်းကတန်း ဝင်ပုန်းကြ၏ ။

ထိုအခိုက်မှာပင် အခန်းထဲ သို့ လုံချည်ရင်လျား ဝတ်ဆင်ထားသော မိန်းမတစ်ဦး ဝင်ရောက်လာ၏ ။

ထိုမိန်းမ၏ ကိုယ်တွင် ရေများ စိုရွှဲနေသဖြင့် ထိုမိန်းမသည် ရေချိုးပြီး အခန်းထဲသို့ ဝင်ရောက်လာကြောင်း သိရ၏ ။ သူမသည် ထိုခေတ်က လွန်စွာကျော်ကြားသော ယောကျ်ား မင်းသ မီး အောင်ဗလသီဆိုသော ကေသီဒေဝီဆိုသော သီချင်းကို တီးတိုးရေရွတ်ရင်း အခန်းထဲသို့ ဝင်လာ၏ ။

“ ကေသီ ဒေဝီ နေခြည် ရွှေပြည် ဝေးလှတဲ့ နေပြီ၊ နီးနိုင်ပေါင်တော် ”

မိန်းမပျိုသည် မှန်တင်ခုံရှေ့တွင် မျက်နှာကို ပေါင်ဒါရိုက်ရင်း ကေသီ ဒေဝီသီချင်းကို သီဆိုလေ၏ ။ မိန်းမပျိုသည် ပေါင်ဒါရိုက်ပြီးသောအခါ နှုတ်ခမ်းနီဆိုးလေ၏ ။

တိမ်ညိုတို့သည် ညကြီးအချိန်မတော် အလှပြင်ဆင်နေသော မိန်းမပျိုကို ကြည့်၍ အံ့ဩနေမိလေ၏ ။ ခဏကြာလျှင် မိန်းမပျိုသည် အခန်းထဲတွင် မိမိတစ်ယောက်တည်းရှိသည်အထင်နှင့် အဝတ်အစားများကို လွတ်လွတ်လပ်လပ် လဲလှယ်လေတော့၏ ။

တိမ်ညိုနှင့်ဩဘာသည် ထိုမြင်ကွင်းကို ကြည့်၍ မျက်လုံးပြူးသွားပြီး စိတ်လှုပ်ရှားစွာဖြင့် ခေါင်းကိုငုံ့လိုက်ကြ၏ ။

မိန်းမပျိုသည် အဝတ်အစားများ လဲလှယ်ပြီးသောအခါ ခန္ဓာကိုယ်အနှံ့ ပေါင်ဒါများ ပွတ်သပ်လေ၏ ။ ပေါင်ဒါမှုန့်များသည် တိမ်ညိုတို့ ပုန်းအောင်းနေသောဘက်သို့ ပျံ့လွင့်လာကာ ဩဘာသည် ထိုပေါင်ဒါမှုန့်များကို ရှူရှိုက်မိပြီး

“ ဟတ်ချိုး ”

ဟု ချေလိုက်လေတော့၏ ။ ဩဘာ၏ နှာချေသံကြောင့် မိန်းမပျိုသည်

အနောက်သို့ အထိတ်တလန့် လှည့်ကြည့်လိုက်ပြီး

“ အမယ်လေး ... လန့်လိုက်တာ ကိုကိုရယ်၊ လန့်လိုက်တာ ဘယ်တုန်းက ရောက်နေတာလဲ၊ ကြည့်စမ်း ... ကြည့်စမ်း၊ ခင်ကတော့ ခင်တစ်ယောက်တည်းရှိတယ်မှတ်လို့ အခန်းထဲမှာ လွတ်လွတ်လပ်လပ် တစ်ယောက်တည်း အလှတွေပြင်လိုက်ရတာ ၊ ကိုကို မကောင်းဘူး၊ သိပ်ဆိုးတယ် ”

ဟု ကုတင်ခေါင်းရင်းကို ကြည့်၍ ပြောဆိုလေ၏ ။ တိမ်ညိုနှင့် သြဘာကို သူမနှင့် ချိန်းဆို ထားသောသူဟု ထင်မြင်နေပုံရ၏ ။

တိမ်ညိုတို့သည် အဝတ်တန်းကြီးနောက်တွင် ပုန်းကွယ်ရင်း ထိတ်လန့်တုန်လှုပ်နေလေ၏ ။ မိန်းမပျိုက အဝတ်တန်းရှိရာသို့ လှမ်းကြည့်ရင်း

“ ကြည့်စမ်း ... ကိုကို၊ ခင့်ကို အခုထိနောက်တုန်းလား၊ ထွက်ခဲ့တော့လေ၊ ခင်တော့ ကိုကို့ကို မျှော်ရလွန်းလို့ မောလှပြီ ”

ဟု ပြောလေ၏ ။

ထိုအခါ တိမ်ညိုနှင့်သြဘာသည် ခေါင်းနပန်းကြီးသွားပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေ၏ ။ ခင်ဆိုသော မိန်းမသည် သူမ၏ ချစ်သူနှင့် ညကြီးအချိန်မတော် ချိန်းတွေ့ပုံရ၏ ။

ထိုအခါမှပင် မိန်းမလှ၏ ညကြီးအချိန်မတော် အလှပြင်ဆင်နေသည့် အကြောင်းရင်းကို တိမ်ညိုတို့ သိသွားလေ၏ ။

ခင်ဆိုသော မိန်းမသည် အဝတ်အတန်း၏ နောက်သို့ လှမ်းကြည့်လိုက်ပြီး

“ ကြည့်စမ်း ... ကိုကို ထွက်မလာသေးဘူးလား၊ ခင် စိတ်ဆိုးလာပြီနော်၊ ခင်ကတော့ ကိုကို့ ကို တွေ့ချင်လွန်းလို့ တိတ်တဆိတ် ချိန်းလိုက်ရတာ ၊ ကိုကို ထွက်မလာရင် ခင် ဝင်ခဲ့မှာနော် ”

ဟု ပြောလေ၏။

ထိုအခါ တိမ်ညိုနှင့်သြဘာသည် ပိုမို၍ ထိတ်လန့်သွားပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ တိမ်ညိုသည် အကျပ်အတည်း တွေ့နေရာမှ ခေါင်းထဲတွင် အကြံတစ်ခုရသွားပြီး သြဘာ၏ အနားသို့ကပ်၍ တီးတိုးပြောလိုက်၏။

ထိုအချိန်တွင် ခင်ဆိုသောမိန်းမသည် အဝတ်အတန်းအနီးသို့ ရောက်လာပြီး သူမ၏ အဝတ်များကို ဖယ်ရှားလိုက်လေ၏။

ထိုအခါ အဝတ်တန်းနောက်မှ ကြောက်မက်ဖွယ်ကောင်းသောတစ်ခုကို မြင်ရသဖြင့် ခင် ဆိုသောမိန်းမသည်

" အမယ်လေး ... သရဲ ... သရဲ "

ဟု ငယ်သံပါအောင် အော်ဟစ်ကာ မေ့မြောသွားလေ၏။

တိမ်ညိုနှင့်သြဘာသည် မှောင်ရိပ်ထဲမှနေ၍ သူတို့၏ မျက်လုံးများကို အစွမ်းကုန်ပြူးကာ မျက်နှာတစ်ခုလုံး တွန့်လိမ်၍ လျှာများကို ထုတ်ထားပြီး ၎င်းတို့၏ လက်နှစ်ဖက်ကလည်း မျက်နှာကို ပိုမိုရုပ်ပျက်ဆင်းပျက်ဖြစ်အောင် တွန့်လိမ်ထားလေ၏။

၎င်းတို့သည် ထိုကဲ့သို့ သရဲမျက်နှာပြုလုပ်ခြင်းကို ရွာရှိကလေးများအား ဖြေဖျော်ရာမှ တက်မြောက်ခဲ့ဖြင်းဖြစ်၏။

တိမ်ညိုနှင့်သြဘာတို့ သဘင်ပညာကို တက်ကျွမ်းကာစက ၎င်းတို့၏ အနုပညာကို အထင်ကြီးမည့်သူမရှိသဖြင့် အစွမ်းပြခွင့်မရခဲ့ချေ။

ထို့ကြောင့် ရွာရှိကလေးများကို အနီးသို့ခေါ်၍ သူတို့နှစ်သက်အောင် အမျိုးမျိုး ဖြေဖျော်ကြ၏။ ၎င်းတို့သည် အလေးများအား မျောက်ကဲ့သို့ ရှေ့ကျွမ်းနောက်ကျွမ်းထိုးပြကြ၏။

မျောက်များ တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ဟန် ပြုလုပ်ပြ၏။ အရက်မူးသမားဟန် ကပြကြ၏။ ထိုအခါ ကလေးများသည် လွန်စွာနှစ်သက်ပြီး လက်ခုပ်လက်ဝါး တီး၍ အားပေးကြ၏။

ကလေးများနှစ်သက်သော အကွက်တစ်ကွက်မှာ ယခုကဲ့သို့ သရဲမျက်နှာဖြစ်အောင် တွန့် လိမ်ကောက်ကွေးပြီး ခြောက်လှန့်ပြခြင်းဖြစ်၏။

ထိုစဉ်က ၄င်းတို့၏ ခြောက်လှန့်မှု ပီပြင်လွန်းခြင်းကြောင့် ငယ်ရွယ်သော ကလေးလူငယ်များသည် ညအချိန်အိပ်၍ မပျော်ဘဲ ယောင်ယမ်း၍ ပင် အော်ဟစ်ကြသည်ဆို၏။

နောက်ပိုင်းတွင် ထိုအကြောင်းကို ကလေးမိဘများ သိရှိသွားသောအခါ တိမ်ညိုနှင့်ဩဘာ ၏ သဘင်ပွဲများသို့ ၄င်းတို့၏ ကလေးများကို မလွှတ်တော့ချေ။

တိမ်ညိုတို့သည် မေ့မြောသွားသော အမျိုးသမီးကို ကြည့်၍ ဩဘာအား

" ဒီနေ့ ငါတို့ ဘယ်လိုဖြစ်နေသလဲ မသိဘူးကွာ၊ နေရာတိုင်းမှာ ပြဿနာပေါင်းစုံနဲ့ ရွာမှာလည်း လူသတ်သမားဆိုပြီး မတရား စွပ်စွဲခံရတယ်၊ မြို့ကိုရောက်တော့ ဆရာဝန်ကြီးကို ပြန်ပေး ဆွဲမဲ့လူဆိုးဓားပြတွေလို့ အထင်မှားခံရတယ်၊ ဟော ... အခုလည်း မိန်းမလှတစ်ယောက်က ငါတို့ နှစ်ယောက်ရဲ့မျက်နှာကို ကြည့်ပြီး သရဲလို့အော်ပြီး မေ့မြောသွားပြန်ပြီ၊ ရှေ့ဆက်ပြီး ငါတို့ ဘယ်လိုပြဿနာတွေနဲ့ ရင်ဆိုင်ရဦးမလဲ မသိဘူး "

ဟု ပြောလေ၏။

ထိုအခါ ဩဘာက ခေါင်းညိတ်၍

" ဟုတ်တယ်ကွ၊ ငါတို့နှစ်ယောက်ရဲ့ ကံဇာတာ အနိမ့်ပိုင်းကို ရောက်နေပြီထင်တယ်၊ ဗေဒင်ဆရာကောင်းကောင်း တစ်ယောက်ရှာပြီး စစ်ဆေးခိုင်းဖို့တောင် ကောင်းနေပြီ "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ တိမ်ညိုနှင့်သြဘာသည် မေ့မြောနေသောမိန်းမကို သူမ၏ ခုတင်ပေါ်သို့ မ, တင်လိုက်ကြ၏။

သြဘာက မိန်းမလှ၏ ခေါင်းအောက်သို့ ခေါင်းအုံးထိုးထည့်ပေးလိုက်ရင်း လေသံတိုးတိုး ဖြင့်

“ သေသေချာချာ ကြည့်တော့မှ ဒီမိန်းမက အတော်လှတာပဲ၊ အသားအရည်ကဝင်းဝါပြီး မျက်နှာက မဟာဆန်တယ် ”

ဟု ပြောလေ၏။

ထို့နောက်တွင်မူ မိန်းမလှကို ခုတင်ပေါ်တင်ထားပြီးနောက် တိမ်ညိုနှင့်သြဘာသည် အခန်းထဲမှ ထွက်ကြလေ၏။

တိမ်ညိုသည် လက်နှိပ်ဓာတ်မီးတစ်လက်ကို တွေ့ရသဖြင့် ဟိုဒီထိုးကြည့်လေ၏။

ထိုသို့ ထိုးကြည့်ရင်း ခန်းဆီးတစ်ခု၏ နောက်ကွယ်တွင် မြင်ရသောမြင်ကွင်းကြောင့် အထိတ်တလန့်ဖြင့်

“ ဟာ … ဒီမှာ လူတစ်ယောက် အိပ်ပျော်နေပါလား ”

ဟု ပြောလေ၏။

ထိုအခါ သြဘာက လှည့်ကြည့်လိုက်ပြီး

“ ဟင် … ဟုတ်တယ်၊ ခန်းဆီးနောက်မှာ လူတစ်ယောက် အိပ်ပျော်နေတယ်၊ မေ့မြောနေတာများလား မသိဘူး၊ ဟာ … သူ့လက်ထဲမှာလည်း ဓါတ်ပုံရိုက်တဲ့ ကင်မရာကြီးနဲ့ပါလား ”

ဟု ပြောလေ၏။

တိမ်ညိုက မျက်မှောက်ကြုတ်ရင်း

“ ဒီလူဟာ ခန်းဆီးနောက်မှာပုန်းပြီး လက်ထဲမှာ ကင်မရာကိုင်ထားတယ်၊ ဒီနေ့ည တွေ့ကြုံနေရတာ အထူးအဆန်းတွေချည်းပါလား၊ ခုတင်ပေါ်မှာ မေ့မြောနေတဲ့ မိန်းမဟာ ယောကျ်ားမရှိ တုန်း သူရဲ့လင်ငယ်နဲ့တွေ့မယ်၊ သူတို့နှစ်ယောက် ချစ်တင်းနှီးနှောနေတုန်းမှာ ခန်းဆီးနောက်မှာ ပုန်းနေတဲ့လူက ဓါတ်ပုံရိုက်မယ်၊ အတော်ကြောက်စရာကောင်းတဲ့ အကြံအစည်ပါလား ”

ဟု အထိတ်တလန့် ရေရွတ်လေ၏။

ထိုအခါ သြဘာက

“ ခန်းဆီးနောက်မှာ အိပ်ပျော်နေတဲ့လူကို ခုတင်ပေါ်က မိန်းမမသိဘဲ နေမှာမဟုတ်ဘူး၊ သူ တို့နှစ်ယောက်ဟာ စည်းဝါးရိုက်ထားတာဖြစ်မယ်၊ ဟုတ်ပြီ … ငါအကြံရပြီ၊ ဒီမိန်းမဟာ သူ့ရဲ့လင်ငယ်ကို ဓါတ်ပုံရိုက်ပြီး အကျပ်ကိုင်ဖို့ ဖြစ်လိမ့်မယ် ”

ဟု ပြောလေ၏။

ထိုအခါ တိမ်ညိုက

“ ဒါဆိုရင်တော့ ဒီမိန်းမဟာ အတော်ဆိုးမိုက်တဲ့မိန်းမပဲ၊ သူနဲ့ချိန်းထားတဲ့ လင်ငယ်ကတော့ ဒီည ပုလိပ်တွေ ဆူညံပွက်နေလို့ မလာတော့ဘူး ထင်တယ် ”

ဟု ပြောလေ၏။

ထိုအခါ တိမ်ညိုနှင့်သြဘာသည် အိမ်၏ အောက်ထပ်သို့ လှည့်လည်ကြည့်ရှု၏။ ထိုအခါ အောက်ထပ်တွင် အသင့်ချက်ပြုတ်ထားသော ထမင်းနှင့် ဟင်းများကို တွေ့ရလေ၏။

တိမ်ညိုက

“ ဟိုမိန်းမ သူ့လင်ငယ်လာရင် ကျွေးမွေးဖို့နဲ့တူတယ်၊ ချက်ပြုတ်ထားတာတွေ ရှိတယ်၊ ငါတို့ ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ စားလိုက်ကြရအောင် ”

ဟု ပြောလေ၏ ။

ထို့နောက် တိမ်ညိုနှင့်ဩဘာသည် ထမင်းနှင့်ဟင်းများကို မြိန်ယှက်စွာ စားသောက်ကြလေ၏ ။

ထမင်းစားပြီးနောက် အိမ်ပေါ်ထပ်သို့ တက်ကာ ခန်းဆီးကြားတွင် အိပ်ပျော်နေသူကို ကြည့်ရှုလေရာ ထိုသူသည် အိပ်ပျော်နေဆဲဖြစ်ကြောင်း တွေ့ရလေ၏ ။

ထိုအခိုက်မှာပင် ကုတင်ပေါ်တွင် မေ့မြောနေသော မိန်းမသည် မေ့မြောနေရာမှ ပြန်လည် နိုးထလာပြီး တိမ်ညိုနှင့်ဩဘာကို မြင်သောအခါ အထိတ်တလန့် အော်ဟစ်လေ၏ ။

တိမ်ညိုက ကမန်းကတန်း လက်ကာပြ၍

“ မကြောက်ပါနဲ့ … ကျုပ်တို့ သရဲမဟုတ်ပါဘူး၊ ကျုပ်တို့လူတွေပါ၊ ဒုက္ခရောက်နေလို့ မင်းရဲ့ အိမ်ကို ခဏဝင်ခိုမိတာပါ ”

ဟု ပြောလေ၏ ။

ထိုအခါမှပင် ချောမောလှပသော မိန်းမသည် အကြောက်ပြေသွားဟန်ရှိပြီး

“ နေပါဦး … ရှင်တို့နှစ်ယောက် ညအချိန်မတော်ကြီး ကျွန်မအိမ်ထဲကို ဘာလို့ရောက်လာတာလဲ၊ ရှင်တို့ဟာ သူခိုး ဓားပြတွေလား ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ တိမ်ညိုက ကမန်းကတန်းလက်ကာပြ၍

“ ကျုပ်တို့က လူကောင်းတွေပါဗျာ၊ မကောင်းမှု ဒုစရိုက်ကို တစ်သက်မှာ တစ်ခါမှ မလုပ်ခဲ့ဖူးပါဘူး ”

ဟု အစချီကာ ၄င်းတို့၏ ဆိုးဝါးလှသော ကံကြမ္မာအကြောင်းကို ပြောပြကြလေ၏။

ထိုအခါ မိန်းမလှက

“ သြော် … ဒါကြောင့် ခုနက ပုလိပ်တွေ လက်နှိပ်ဓါတ်မီးတွေနဲ့ ဆူညံပွက်နေတာကိုး၊ ရှင် တို့ဟာ အတော်ရှုပ်တဲ့လူတွေပဲ၊ ရှင်တို့ရှာမှာဖြစ်တဲ့ ပြဿနာဟာ မြို့ပေါ်ရောက်လာရုံတင်မကဘူး၊ ကျွန်မရဲ့ အကြံအစည်တွေပါ ပျက်စီးရပြီ ”

ဟု ပြောလေ၏။

သူမ၏ စကားကြောင့် တိမ်ညိုက

“ ခင်ဗျားနဲ့ ချိန်းထားတဲ့လူမလာလို့ ပြောတာလား၊ ခင်ဗျားရဲ့ရည်ရွယ်ချက် မကောင်းပါဘူးဗျာ၊ ကိုယ့်ကို ယုံကြည်ကိုးစားလို့ ရောက်လာတဲ့ လူကို ဒီလိုမကောင်းကြံဖို့ မသင့်ပါဘူး ”

ဟု ပြောလေ၏။

ထိုအခါ မိန်းမလှက တိမ်ညိုကို တအံ့တသြကြည့်၍

“ ဟင် … ကျွန်မရဲ့အကြံအစည်ကို ဘာကြောင့် သိနေရတာ လဲ၊ ဟယ် … အခုမှသတိရ တယ်၊ ကျွန်မခေါ်ထားတဲ့ ဓါတ်ပုံဆရာ ဘယ်ရောက်နေလဲ ”

ဟု ရေရွတ်လေ၏။

ထိုအခါ သြဘာက

“ ခင်ဗျားခေါ်ထားတဲ့ ဓါတ်ပုံဆရာ တံခါးကြားမှာ အိပ်ပျော်နေတယ်၊ ကျုပ်တို့ ဒီလောက်ဆူ ညံနေတာတောင် အိပ်ရာက မနိုးဘူး ”

ဟု ပြောလေရာ မိန်းမလှသည် ခန်းဆီးနောက်သို့ ပြေးကြည့်လေ၏ ။

ထိုအခါ ကင်မရာကိုပိုက်၍ အိပ်ပျော်နေသော ဓါတ်ပုံဆရာကို တွေ့ရလေ၏ ။ မိန်းမလှ သည် ဓါတ်ပုံဆရာကိုကြည့်၍ ဒေါသတကြီး တောက်ခေါက်လိုက်ပြီး

“ တောက် ... အတော်အပျင်းထူတဲ့ ဓါတ်ပုံဆရာပဲ၊ သူ့ကို ယုံစားပြီး ငှားရမ်းမိတာ သိပ်မှား တယ်၊ သွားပါပြီရှင် ... ကျွန်မရဲ့ ကံကြမ္မာကိုက ညံ့ဖျင်းပါတယ်၊ ကျွန်မရဲ့ အကြံအစည်တွေအားလုံး ရေစုန်မျောရပြီ၊ ဒီနေ့ညဟာ ကျွန်မဘဝရဲ့အပြောင်းအလဲကြီးဖြစ်မဲ့ညရှင့် ဒီလိုဖြစ်တာ ရှင်တို့ နှစ်ယောက်ရဲ့ အပြစ်တွေလည်း ပါတယ် ”

ဟု အပြစ်တင်ကာ ဂမ်းပန်းတနည်း ငိုကြွေးလိုက်လေ၏ ။ မိန်းမလှ ငိုကြွေးခြင်းကို ကြည့်၍ တိမ်ညိုက ခေါင်းခါယမ်းလိုက်ပြီး

“ ဒီနေ့ည ခင်ဗျားရဲ့ အကြံအစည်တွေ မအောင်မြင်တာ ကျုပ်တို့ နှစ်ယောက်ကြောင့်ပဲ ထားလိုက်ပါတော့ဗျာ၊ သေသေချာချာစဉ်းစားကြည့်ရင် ဒီကိစ္စဟာ ကျုပ်နဲ့မဆိုင်ပါဘူး၊ ဘာပဲဖြစ် ဖြစ် ကျုပ်တို့ကြောင့် ခင်ဗျားဟာ မကောင်းမှုဒုစရိုက်ကို မကျူးလွန် မကျူးလွန်မိတော့ဘူး ကိုယ့်အပေါ် ယုံစားလို့ရောက်လာတဲ့ ကိုယ့်ရဲ့ချစ်သူကို ဒီလိုအကျပ်မကိုင်သင့်ပါဘူးဗျာ၊ ဒီလိုမကောင်းမှု မျိုးကို မကျူးလွန်မိတာ ကျုပ်တို့ကို ကျေးဇူးတင်သင့်တယ် ”

ဟု ပြောလေ၏ ။

ထိုမခါ မိန်းမလှက တိမ်ညိုကို မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး

“ နေပါဦး ရှင်တို့ ဘာတွေပြောနေကြတာလဲ၊ ဒီနေ့ည

ကျွန်မအိပ်ခန်းထဲကို လာမဲ့သူဟာ ကျွန်မရဲ့လင်ငယ်များ အောက်မေ့လို့လား ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ တိမ်ညိုက အံ့သြဟန်ဖြင့် ကြည့်၍

“ ဟင် ... ဒီလူဟာ ခင်ဗျားရဲ့ချစ်သူ မဟုတ်ဘူးလား ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ မိန်းမလှက ငိုနေရာမှ ရပ်တန့်၍

“ သြော် ... ရှင်တို့က ကျွန်မကို လင်ငယ်နဲ့ချိန်းတွေ့ပြီး သူနဲ့ ပတ်သက်တဲ့အကြောင်းတွေကို ဓါတ်ပုံရိုက်မယ်၊ ပြီးတော့ အကျပ်ကိုင်မယ်လို့ ထင်ထားတာကိုး ”

ဟု ပြောလေ၏ ။

ထိုအခါ သြဘာက ဝင်ရောက်၍

“ ဒီနေ့ည တွေ့မဲ့လူကို ဓါတ်ပုံမရိုက်ဘူးဆိုရင် ခင်ဗျားက ဘာဖြစ်လို့ ဓါတ်ပုံဆရာကို အခန်း ထဲခေါ်ထားရတာ လဲ ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ မိန်းမလှက သက်ပြင်းချ၍

“ ဒီအကြောင်းတွေ ပြောရရင်တော့ အရှည်ကြီး ပြောမှဖြစ်မယ်၊ ဒါပေမဲ့ ဒီနေ့ည ကျွန်မအိပ် ခန်းထဲကိုလာမဲ့သူဟာ ရှင်တို့ထင်သလို ကျွန်မ လင်ငယ်မဟုတ်ဘူး၊ ကျွန်မ လက်ထပ်ပေါင်းသင်း ဖူးတဲ့



ယောက်ျားတစ်ယောက်ပဲရှိတယ်၊ ကျွန်မဟာ မြန်မာမိန်းကလေးတစ်ယောက်ဖြစ်တဲ့အတွက် မိန်းမကောင်းပန်းပန် တစ်ပွင့်ဆို စကားအတိုင်း ကျွန်မ တစ်ပွင့်တည်းကိုပဲ ပန်တယ်၊ ကိုယ့် ယောက်ျားကို ဘယ်တော့မှ သစ္စာမဖေါက်ဘူး ”

ဟု ပြောလေ၏ ။

ထိုအခါ တိမ်ညိုနှင့်ဩဘာသည် မိန်းမလှကို နားမလည်ဟန်ဖြင့် ရှိကြ၏ ။

သူစိမ်းယောကျ်ားတစ်ယောက်ကို အိပ်ခန်းထဲတွင် ချိန်းဆိုသော မိန်းမသည် မိမိ၏ လင် ယောကျ်ားအပေါ် သစ္စာဖောက်ဖျက်ခြင်းမရှိဟု ဆို၏ ။

ထိုမိန်းမသည် မိမိတို့အိပ်ခန်းထဲသို့ ရောက်ရှိလာစက မိမိတို့ပုန်းကွယ်နေခြင်းကို သူ၏ လင် ငယ်အမှတ်နှင့် ပြောဆိုဆက်ဆံနေလေ၏ ။

ဤမျှ မူယာမာယာများလှသော မိန်းမလှ၏ စကားကို လက်ခံယုံကြည်ခြင်း မရှိချေ။

ထို့ကြောင့် တိမ်ညိုက

“ တော်ပါတော့ဗျာ၊ ခင်ဗျားရဲ့စကားတွေက ရှေ့နောက်မညီဘူး၊ ကျုပ်တို့လည်း ဒီနေ့ည ကိစ္စကို ခင်ဗျားနဲ့ အငြင်းမပွားချင်ဘူး၊ ခင်ဗျားဘာသာ လုပ်ချင်ရာလုပ်တော့ ကျုပ်တို့ မနက်ကြရင် ဒီအိမ်ကြီးကနေ ခွာမယ်၊ ဒီနေ့ညတော့ နေခွင့်ပေးပါ ”

ဟု ပြောလေ၏ ။

ထိုအခါ မိန်းမလှက

“ ဒီမှာ … ဒီအိမ်ကနေ ရှင်တို့ပဲ သွားရမှာမဟုတ်ဘူး၊ ကျွန်မလည်း မနက်ဖြန် ဒီအိမ်က ခေါင်းနဲ့ဆင်းရမှာရှင့်၊ အဲဒါဟာ ဒီနေ့ည ကျွန်မရဲ့အကြံအစည်တွေ မအောင်မြင်လို့ဘဲ ”

ဟု မချိတင်ကဲဟန်ဖြင့် ပြောလေ၏ ။

ထိုအခါ တိမ်ညိုနှင့်ဩဘာသည် မိန်းမလှ၏ အမူအရာကို ကြည့်ရင်း နားလည်နိုင်စွမ်း မရှိတော့ချေ။

တိမ်ညိုက

“ ဒီအိမ်ကြီး ခင်ဗျားရဲ့အိမ်ပဲ၊ ခင်ဗျား ဘာလို့ ထွက်ခွာသွားရမှာလဲ ”

ဟု မေးမြန်းလေ၏။

ထိုအခါ မိန်းမလှက

" ဒီအချိန်မှာ ရှင်တို့နဲ့ ကျွန်မဟာ ဘဂတူတွေပဲ၊ ဒီနေ့ည အချိန်ရရင် ရှင်တို့ကို ကျွန်မဘဂ ရဲ့နောက်ကြောင်းတွေကို ပြောပြမယ်၊ ကျွန်မတို့ အိမ်အောက်ထပ်မှာ တစ်ခုခု သွားစားကြတာပေါ့ "

ဟု ပြောကာ မိန်းမလှသည် အောက်ထပ်သို့ ဦးဆောင်၍ ထွက်သွားလေ၏။

ထို့နောက် အိမ်၏ အောက်ထပ်တွင် ရေနွေးကြမ်း၊ လက်ဖက်သုပ်၊ မြေပဲလှော်များကို စားသောက်ရင်း စကားဝိုင်းဖွဲ့ကြလေ၏။

မိန်းမလှက ရေနွေးကြမ်းများကို ငှဲ့ထည့်ပေးရင်း

" ကျွန်မဟာ အလွန်ကြွယ်ဝချမ်းသာတဲ့ မိဘတွေဆီက ပေါက်ဖွားလာတဲ့ တစ်ဦးတည်း သောသမီးပါ၊ အရင်တုန်းက ကျွန်မတို့ မိသားစုတွေ ပိုင်ဆိုင်တဲ့ လယ်မြေတွေ လက်ညှိုးထိုးမလွဲ အောင်ရှိတယ်၊ ဆီစက်၊ ဆန်စက်တွေလည်း အများကြီးပိုင်တယ်၊

ဒါပေမဲ့ ... ကျွန်မအဖေ အသက်အရွယ်ထောက်လာတဲ့အခါမှာ လူခွဲမရှိတဲ့အတွက် ဒီလုပ်ငန်းတွေကို လုပ်ဖို့ အခက်အခဲဖြစ်လာတယ်၊ ဒါကြောင့် ငယ်စဉ်ကတည်းက မိဘအလိုလိုက်ထားတဲ့သူဆိုတော့ မိဘလက်ငုတ် စီးပွားရေးကိုလည်း စိတ်မဝင်စားဘူး၊ ရွယ်တူမိန်းကလေးတွေနဲ့ အငြိမ့်ပွဲကြည့်လိုက်၊ ဓါတ်စက်သီချင်းနားထောင်လိုက်နဲ့ အချိန်ကုန်လွန်ခဲ့တယ်၊ ဒီလိုနဲ့ ကျွန်မအတွက် ခင်ပွန်းလောင်းရှာတဲ့ အဖေဟာ လူယုတ်မာမြင့်အေးဆိုတဲ့ လူကို သွားတွေ့တယ်၊

မြင့်အေးဟာ အဖေ့ရှေ့မှာ အင်မတန်ရိုးသားတဲ့ လူကြီးမိဘတွေကို

ရိုသေလေးစားတဲ့လူအဖြစ် ဟန်ဆောင်တယ်၊ သူဟာ အဖေနဲ့ အမေကိုတွေ့ရင် အလွန်လေးစားဟန်နဲ့ ဆက်ဆံတယ်၊ မြင့်အေးဟာ လူလိမ်ပီပီ အဖြီးအဖြန်း အမြှောက်အပင့်လည်း အလွန်ကောင်းတယ်၊ သူဟာ အဖေ့ ကို ဝေဿန္တရာမင်းကြီးနဲ့လည်း ခိုင်းနှိုင်းတယ်၊ အမေ့ကို မဒီဒေဝီလို မိန်းမမြတ်တစ်ယောက်လို မြှောက်ပင့်ပေးတယ်၊

ဒါကြောင့် အဖေနဲ့အမေဟာ သူ့ကို အလွန်သဘောကျပြီး သမက်အဖြစ် လက်ခံခဲ့တယ်၊ မောင်မြင့်အေးဟာ မြို့ပေါ်မှာ အလုပ်အကိုင်မယ်မယ်ရရမရှိဘဲ ယောင်ခြောက်ဆယ်လူပါ၊ သူဟာ ရပ်ရေးရွာရေးတွေမှာ စိတ်ဝင်စားသလိုလို၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာသာရေးကိုင်းရှိုင်းသလိုလိုနဲ့ မြို့ ပေါ်မှာ ဘာအလုပ်မှာမလုပ်ဘဲ ယောင်ခြောက်ဆယ်ဖြစ်နေတဲ့လူပါ၊ ကျွန်မရဲ့အဖေဟာ မြို့ပေါ်က ဘုရားမှာ ဂေါပကကြီးဖြစ်တော့ ယောက်ခြောက်ဆယ် မြင့်အေးနဲ့ သိကျွမ်းခဲ့ရတယ်၊ မြင့်အေးဟာ ယောဂီဝတ်စုံကို ဝတ်ပြီး လူကြီးတွေရှေ့ရောက်ရင် ဂုဏ်တော်ပုတီးကို စိပ်တယ်၊

လူအထင်ကြီးအောင် မေတ္တာသုတ်တွေ ရွတ်ပြတယ်၊ ထင်ရှားကျော်ကြားတဲ့ ဆရာတော် ကြီးတွေရဲ့ တရားတွေကို အမြဲကိုးကားပြီး အခုခေတ်လူငယ်တွေ ဘာသာတရားကိုင်းရှိုင်းမှုမရှိကြောင်း ပြောတယ်၊ လူကြီးသူမတွေကိုလည်း ရိုသေလေးစားမှုမရှိတဲ့အတွက် အလွန်စိတ်မကောင်းကြောင်း ပြောတယ်၊ တကယ်တော့ မြင့်အေးဟာ လက်ကြောတင်းအောင် အလုပ်လုပ်မ စားချင်တဲ့အတွက် ဘာသာရေးယောင်ယောင်ဗန်းပြပြီး ဖြီးဖြန်းစားသောက်နေတာပဲ၊

မြင့်အေးစကားကို ကျွန်မမိဘတွေ အလွန်နှစ်သက်တယ်၊ မြင့်အေးလို သူတော်ကောင်းမျိုး နဲ့ ကျွန်မကို ပေးစားရင် တစ်သက်လုံး စည်းစိမ်ဥစ္စာတွေ မပျောက်ပျက်ဘဲ စိတ်ချမ်းသာစွာ နေထိုင်ရမယ်လို့ မျှော်လင့်တယ်၊ မြင့်အေးဟာ လူလည်လူနပ်တစ်ယောက်ဖြစ်တဲ့အတွက် ကျွန်မမိဘတွေ သူ့ကို

သဘောကျနေကြောင်း ရိပ်စားမိသွားတယ်၊ ကျွန်မဟာ မြင့်အေးရဲ့ဟန်ဆောင်မှုတွေကို အရင်က မရိပ်စားမိခဲ့ပါဘူး၊ မြင့်အေးဟာ သူတော်ကောင်းတစ်ယောက်လို လုပ်ပြလွန်းတဲ့အတွက် ကျွန်မ ကြည့်လို့မရခဲ့ဘူး၊ ဒါပေမဲ့ မိဘနှစ်ပါးရဲ့စကားကို မပယ်ရှားဝံ့တဲ့အတွက် မြင့်အေးကို ကျွန်မ လက်ထပ်ခဲ့ရတယ်၊ မြင့်အေးဟာ ကျွန်မနဲ့လက်ထပ်ပြီး မကြာခင်မှာပဲ သူ့ရဲ့ မင်းသားခေါင်းဆောင်းထားတဲ့ ဘီးလူးရုပ်ဟာ တဖြည်းဖြည်း ပေါ်လွင်လာခဲ့တယ်၊ သူဟာ ဘန်ကောက်လုံချည်နဲ့ပေတင် ရှူးဖိနပ်ကို စီးတယ်၊ ရွှေကြယ်သီးတပ်ထားတဲ့ အကျႌကိုဝတ်တယ်၊

မေတ္တာသုတ်နဲ့ ဂုဏ်တော်ပုတီးကို စွန့်လွှတ်ပြီး အရင်တုန်းက ကြိတ်ပုန်းသောက်နေတဲ့ အရက်ကို ပေါ်တင်သောက်တယ်၊ ကျွန်မမိဘတွေရဲ့ စီးပွားရေးကို ဘာမှ မယ်မယ်ရရမလုပ်ဘဲ လောင်းကစားဝိုင်းတွေမှာပဲ အချိန်ကုန်တယ်၊ သူဟာ နယ်မြို့လေးတွေမှာ လှည့်ပြီး လောင်းကစားရတာ အားမရလို့ ရန်ကုန်မြို့တက်ပြီး တရုတ်သူဌေးတွေနဲ့ အကြီးအကျယ် လောင်းကစားခဲ့တယ်၊ သူ့ရဲ့မိုက်မဲမှုကြောင့် ကျွန်မမိဘတွေ ပိုင်ဆိုင်တဲ့ လယ်ယာတွေ၊ ဆီစက်၊ ဆန်စက်တွေကိုပါ ဆုံးရှုံး ခဲ့ရတယ်၊ မိဘတွေဟာ အချိန်နှောင်းတော့မှ မြင့်အေးရဲ့ ယုတ်မာကောက်ကျစ်မှုတွေကို ရိပ်စားမိခဲ့တယ်၊

မြင့်အေးဟာ ကျွန်မကို အားရအောင်ပေါင်းသင်းပြီး သုံးလလောက်အကြာမှာ အနီးနားမြို့က အိမ်တစ်အိမ်မှာ မိန်းမတွေနဲ့ ဖောက်ပြန်တယ်၊ အဲဒီ မိန်းမတွေဟာ အင်မတန် စည်းစိမ်ဥစ္စာတွေကို မက်မောတဲ့ မိန်းမတွေပဲ၊ မြင့်အေးဟာ ညီအစ်မသုံးယောက်နဲ့ တိတ်တိတ်ပုန်းဖောက်ပြန်တယ်၊ သူဟာ အနီးအနားမြို့မှာရှိတဲ့ ဆီစက်၊ ဆန်စက်တွေကို သွားရောက်စစ်ဆေးဖို့ ခရီးထွက် မယ်ဆိုပြီး လောင်းကစားလုပ်တယ်၊ ဒီအကြောင်းတွေကို ကျွန်မမိဘတွေသိရတဲ့အခါ စိတ်ထိခိုက် ကြေကွဲခဲ့ရတယ်၊ သူတို့ရဲ့ ပယောဂကြောင့် အိမ်ထောင်ရေး ကံမကောင်းခဲ့တဲ့ ကျွန်မဘဝကိုလည်း

အလွန်ကရုဏာသက်ခဲ့ကြတယ်၊

နောက်ဆုံးတော့ မိဘနှစ်ပါးဟာ လူယုတ်မာမြင့်အေးရဲ့ ပယောဂကြောင့်ပဲ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြတယ်၊ ဒီအချိန်ကစပြီး ကျွန်မဘဝဟာ ဒုက္ခငရဲနဲ့ ရင်ဆိုင်ရတော့တာပါပဲ၊ မြင့်အေးဟာ ကျွန်မကို နေ့စဉ် စိတ်ဆင်းရဲအောင် နှိပ်စက်ခဲ့တယ်၊ ရက်စက်ကြမ်းကြုတ်တဲ့ မြင့်အေးရဲ့ ရိုက်နှက်မှုတွေကြောင့် ကျွန်မမျက်နှာမှာ ရစရာမရှိအောင် ဒဏ်ရာတွေရရှိခဲ့တယ်၊ တစ်ခါတစ်ရံ ကျွန်မဟာ ဒဏ်ရာတွေကို သူတစ်ပါးမြင်မှာ ရှက်လွန်းတဲ့အတွက် လူကြားသူကြားထဲ ကိုတောင် မသွားဝံ့ခဲ့ဘူး၊ ကျွန်မဟာ မြင့်အေးနဲ့ နေရတဲ့အချိန်မှာ အရှင်လတ်လတ် ငရဲပြည်ကို ရောက်နေခဲ့ရတယ် ”

ဟု ပြောရင်း စိတ်မကောင်းဟန်ဖြင့် မျက်ရည်များ စီးကျလာ၏ ။

တိမ်ညိုနှင့်ဩဘာသည် အိမ်ထောင်ရေး ကံမကောင်းရှာသော သူမ၏ အဖြစ်ကို ကြည့်ရင်း ကရုဏာသက်မိလေ၏ ။

တိမ်ညိုက ဆက်လက်၍

“ ဒီလောက်ယုတ်မာကောက်ကျစ်တဲ့လူကို ခင်ဗျား ဆက်မပေါင်းဘဲ ကွာရှင်းဖို့ မကြိုးစားခဲ့ဘူးလား ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ မိန်းမလှက

“ ကျွန်မ ဒီလူယုတ်မာနဲ့ ကွာရှင်းဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်၊ ဒါပေမဲ့ သူဟာ ကျွန်မမိ ဘတွေ ထားရစ်ခဲ့တဲ့ အတွင်းပစ္စည်းတွေ မကုန်မချင်း ကျွန်မအနားက မခွာခဲ့ပါဘူး၊ ကျွန်မဆီက ရွှေတွေ လက်ဝတ်ရတနာတွေကို နေ့စဉ်ရိုက်နှက်ပြီး တောင်းယူခဲ့တယ်၊ အဲဒါနဲ့ ကျွန်မဟာ ပင်စင်စားကျောင်းဆရာကြီးဆီမှာ လက်ဝတ်ရတနာတွေကို အပ်နှံထားခဲ့ရတယ်၊

ဒါပေမဲ့ ဒီလျှို့ဝှက်ချက် ကို လူယုတ်မာမြင့်အေး သိသွားပြီးတဲ့နောက်မှာ ကျောင်းဆရာကြီးကို ရိုက်နှက်ပြီး ပစ္စည်းတွေ အကုန်ယူသွားခဲ့တယ်၊

လူယုတ်မာမြင့်အေးဟာ ယုတ်မာကောက်ကျစ်တဲ့အတွက် ကံကြမ္မာက မျက်နှာသာမပေးတာလား မသိဘူး၊ သူလုပ်သမျှ အလုပ်တွေဟာ အကြီးအကျယ် ဆုံးရှုံးခဲ့ရတယ်၊ လူယုတ်မာမြင့်အေးဟာ သူ့အလုပ်တွေ ဆုံးရှုံးလေ ကျွန်မကို နှိပ်စက်တာပါပဲ၊ နောက်ဆုံးတော့ မြင့်အေးဟာ ရောင်းချစရာ မကျန်တော့တဲ့အတွက် ကျွန်မတို့ နောက်ဆုံး ပိုင်ဆိုင်တဲ့ ဟော့ဒီအိမ်ကို ပေါင်ပြီး လောင်းကစားလုပ်ခဲ့တယ်၊ နောက်ဆုံးတော့ အိမ်ကို ပြန်မရွေးနိုင်တဲ့ အဆုံးမှာ ကျွန်မကိုထားပြီး အိမ်ကနေ ထွက်ခွာသွားခဲ့တယ်၊ ကြွေးတွေ ပတ်လည်ဝိုင်းနေတဲ့အိမ်ကြီးမှာ ကျွန်မတစ်ယောက်ပဲ ကျန်ရစ်ခဲ့တယ်၊ ဟော့ဒီအိမ်ကို အပေါင်ခံထားတဲ့လူက မြို့ပေါ်က သူဌေးမကြီး ဒေါ်ငွေရပဲ၊ ဒီနေ့ ည အကြံအစည် မအောင်မြင်တဲ့အတွက် ကျွန်မ အိမ်ကြီးကနေ ဆင်းပေးရတော့မှာပေါ့ ”

ဟု မချိုတင်ကဲ ဖြစ်ဟန်ဖြင့် ပြောလေ၏ ။

“ အိမ်ပေါ်က ဆင်းပေးရတဲ့ကိစ္စနဲ့ ဒီနေ့ညကိစ္စက ဘာပတ်သတ်လို့လဲ”

ဟု မေးမြန်းလေ၏ ။

ထိုအခါ မိန်းမလှက သက်ပြင်းချ၍

“ ဒီအကြောင်းတွေကို ရှင်တို့သိအောင် ရှင်းပြပါ့မယ်၊

သူဌေးမ ဒေါ်ငွေရမှာ ဦးသိန်းကြည်ဆိုတဲ့ ယောကျ်ားတစ်ယောက်ရှိတယ်၊ သိန်းကြည်ဟာ ဒေါ်ငွေရထက် အသက်ဆယ်နှစ်လောက်ငယ်တယ်၊ ဒီနေ့ညတော့ ယောကျ်ားဆိုးတွေအကြောင်းပဲ ပြောရတော့မှာပဲ၊ သိန်းကြည်ဟာ သူ့ထက်ဆယ်နှစ်လောက်ကြီးတဲ့ ဒေါ်ငွေရကို ငွေမက်ပြီး လက်ထပ်ခဲ့တာပဲ၊ သိန်းကြည်ဟာလည်း ကျွန်မယောကျ်ား

မြင့်အေးလိုပါပဲ၊ ဒေါ်ငွေရပိုင်တဲ့ စည်းစိမ်ဥစ္စာတွေကို နည်းအမျိုးမျိုးနဲ့ သိမ်းပိုက်ဖို့ ကြိုးစားခဲ့တယ်၊ သိန်းကြည်ရဲ့ ဆိုးဝါးတဲ့အကျင့်ကတော့ ဒေါ်ငွေရကွယ်ရာမှာ မိန်းမတွေနဲ့ ဖောက်ပြန်တာပဲ၊ သူဟာ အသက်အရွယ်ကြီးတဲ့ ဒေါ်ငွေရကို ချစ်ခင်နှစ်သက်လို့ ပေါင်းသင်းခဲ့တာမှ မဟုတ်တာ ဒေါ်ငွေရဆီက စည်းစိမ်ဥစ္စာတွေကိုရတာ နဲ့ ငယ်ရွယ်တဲ့ မိန်းမတွေနောက်ကို တကောက်ကောက်လိုက်တော့တာပဲ၊

သူဟာ တစ်ခြားမြို့တွေကိုသွားပြီး မိန်းမတွေနဲ့ ပျော်ပါးတယ်၊ ရွာစဉ်အနှံ့ လှည့်လည်ပြီး စည်းစိမ်ဥစ္စာအားကိုးနဲ့ မိန်းကလေးတွေရဲ့ဘဝကို ဖျက်ဆီးတယ် ဒေါ်ငွေရဟာ ယုတ်မာတဲ့ ယောကျ်ားကို လက်ပူးလက်ကြမိဖို့ နည်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့တယ်၊ ဒါပေမဲ့ တဏှာရူးသိန်းကြည်ဟာ ကံကောင်းထောက်မစွာနဲ့ လွတ်မြောက်နေတယ်၊ ဒေါ်ငွေရဟာ တဏှာရူးသိန်းကြည်ကို နည်းအမျိုးမျိုးနဲ့ ဖျောင်းဖျဖို့ ကြိုးစားခဲ့တယ်၊

ဒါပေမဲ့ သိန်းကြည်ကတော့ ထုံးစံအတိုင်း ရွှေကိုင်းမျက်မှန်ကြီးတပ် ဘန်ကောက်လုံချည် တရွှမ်းရွှမ်းနဲ့ မိန်းမတွေနောက်ကို လိုက်နေဆဲပါပဲ၊ ဒေါ်ငွေရဟာ သိန်းကြည်ရဲ့အဖြစ်တွေကို လက်ပူးလက်ကြပ်ဖမ်းပြီး ကွာရှင်းဖို့ ကြိုးစားနေတယ်၊ နောက်ဆုံးတော့ သိန်းကြည်ဟာ အရပ်တကာ လှည့်ပြီး မိန်းမတွေကို နောက်ပိုးရူးလုပ်ရတာ ငြီးငွေ့လာပုံရတယ်၊ သူဟာ တစ်မြို့တည်းသားဖြစ်တဲ့ ကျွန်မကို မျက်စိကျပြီး ချည်းကပ်ဖို့ကြိုးစားတယ်၊ ကျွန်မဟာ မြန်မာမိန်းကလေးပီပီ မိန်းမကောင်း ပန်းတစ်ပွင့်ပန်ချင်တဲ့ စိတ်ဓာတ်ရှိသူပါ၊

ဒါကြောင့် ယုတ်မာကောက်ကျစ်တဲ့ တဏှာရူး သိန်းကြည်ကို အကပ်မခံခဲ့ဘူး၊ ဒီအကြောင်းတွေကို သူဌေးမ ဒေါ်ငွေရ ရိပ်စားမိသွားတယ်၊ ဒါကြောင့် တစ်နေ့မှာ ဒေါ်ငွေရဟာ ကျွန်မကိုခေါ် ပြီး တိုင်ပင်ဆွေးနွေးခဲ့တယ်၊ ဒေါ်ငွေရရဲ့ အကြံတွေကို ကြားလိုက်ရတဲ့အချိန်မှာ အင်မတန်

အံ့ဩထိတ်လန့်သွားတယ်၊ ဒေါ်ငွေရဟာ သူ့ယောက်ျားရဲ့ ဖောက်ပြန်မှုတွေကို လက်ပူးလက်ကြပ် ဖမ်းဆီးချင်တဲ့အတွက် ကျွန်မကို အကူအညီတောင်းတယ်၊

ကျွန်မက သူ့ကို အကူအညီပေးနိုင်ခဲ့ရင် ကျွန်မယောက်ျား ပေါင်နှံခဲ့တဲ့အိမ်ကို မသိမ်းပိုက်ဘဲ ကျွန်မကို ပြန်အပ်မယ်လို့ ပြောခဲ့တယ်၊ ဒါကြောင့်လည်း ကျွန်မက မကြံကောင်း မစည်ရာတွေကို ကြံစည်မိခဲ့တာပါ ”

ဟု ရှင်းလင်းပြလေ၏ ။

ထိုအခါ ဩဘာက မိန်းမလှ၏ စကားကို သဘောပေါက်ဟန်ဖြင့်

“ ဒါဆိုရင် ခင်ဗျားရဲ့ ရည်ရွယ်ချက်ကို ကျုပ်နားလည်ပြီ ဓါတ်ပုံဆရာနဲ့ လက်ပူးလက်ကြပ် မိဖို့ ကြိုးစားတာ မဟုတ်လား ”

ဟု ပြောလေ၏ ။

ထိုအခါ မိန်းမလှက ခေါင်းညိတ်၍

“ ဟုတ်တယ်၊ မနက်ဖြန်မနက်မှာ ကျွန်မအိပ်ခန်းထဲကို ရောက်နေတဲ့ တဏှာရူးသိန်းကြည် ရဲ့ ဓါတ်ပုံကို ဒေါ်ငွေရလက်ကို အပ်နိုင်ရင် ကျွန်မဟာ ဒီအိမ်ကြီးပေါ်က ဆင်းစရာမလိုဘူး၊ အခု တော့ ကျွန်မရဲ့ အကြံအစည်တွေ မအောင်မြင်တဲ့အတွက် ကျွန်မ ဒီအိမ်ကြီးပေါ်က ဆင်းပေးရ တော့မယ် ”

ဟု စိတ်ထိခိုက်ဟန်ဖြင့် ပြောလေ၏ ။

ထိုအခါ ဩဘာက မိန်းမပျိုကို နားလည်းဟန်ဖြင့် ကြည့်၍

“ ယောက်ျားဆိုးတစ်ယောက်ကြောင့် ခင်ဗျားရဲ့ဘဝ အတော်ကံဆိုးခဲ့တာပဲ၊ ခင်ဗျားဘဝကို ကျုပ်တို့ နားညည်စာနာမိပါပြီ၊ တကယ်တော့ ခင်ဗျားဟာ ဆုံးရှုံးသွားတဲ့စည်းစိမ်ဥစ္စာတွေကို ပြန်ရမလားဆိုပြီး အရဲ့စွန့်ပြီး ကြိုးစားခဲ့တာပါ၊ အခုတော့ ကျွန်တော်တို့ရဲ့ ပယောဂကြောင့် ခင်ဗျားရဲ့ အကြံအစည်တွေ မအောင်မြင်ခဲ့ရဘူး ”

ဟု ပြောလေ၏။

ထိုအခါ မိန်းမလှက ခေါင်းခါယမ်းလိုက်၍

“ တကယ်တော့ ရှင်တို့ကြောင့်လည်း မဟုတ်ပါဘူး၊ အကောင်းမြင်စိတ်နဲ့ တွေးတောကြည့် ရင်တော့ ဒီကိစ္စဟာ ကျွန်မဘဝရဲ့ အမည်းစက်တစ်ခုပဲ၊ ဒီလိုအမည်းစက်ထင်မဲ့ကိစ္စမျိုး ရှင်တို့ကြောင့် မလုပ်ဖြစ်သွားဘူးပေ့ါ၊ နောက်ပြီးတော့ လူယုတ်မာသိန်းကြည် ကျွန်မအိပ်ခန်းထဲ ရောက်လာရင်လည်း ကျွန်မငှားထားတဲ့ ခါတ်ပုံဆရာလူပျင်းကြောင့် အောင်မြင်မှာမဟုတ်ဘူး၊ ဒီလူ အခု ချိန်ထိ အိပ်ပျော်နေတုန်းထင်တယ် ”

ဟု ပြောလေ၏။

ထိုအခါ တိမ်ညိုက ရယ်မော၍

“ ဟား ဟား ဟား ... ဟုတ်ပါရဲ့ဗျာ၊ ဒီခါတ်ပုံဆရာဟာ ကာလနဂါးဝင်စားသလား အောက်မေ့ရတယ် ”

ဟု ပြောလေ၏။

ထို့နောက် တိမ်ညိုက တစ်စုံတစ်ရာကို သတိရဟန်ဖြင့်

“ သြော် ... ဒါနဲ့ အခုချိန်ထိ ခင်ဗျားနာမည်ကို ကျုပ်တို့ မသိသေးဘူး ”

ဟု ပြောလေ၏။

ထိုအခါ မိန်းမလှဟာ သူမ၏ အမည်မှာ မေမေခင် ဖြစ်ကြောင်းပြောကာ ၎င်းတို့နှစ်ဦး၏ အမည်ကိုလည်း မေးမြန်းလေ၏။

ထို့ကြောင့် တိမ်ညိုနှင့် သြဘာသည် မိမိတို့၏ အမည်များကို ပြောပြ၍ ထိုညက မေမေခင် အိမ်၌ ပင် သောင်တင်လေတော့၏။

♥ ♥ ♥